# ကြေးမုံ
The Mirror
၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (25-1-2016) (၈၄၅၆)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန့်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွတောင်ဆရာတော် ဦးတိလောက

# ရွှေပေါက်ကံ လေးလမ်းသွားတံတား တည်ဆောက်ရေးလုပ်ငန်း မကြာမီပြီးစီးတော့မည်

စာမျက်နှာ - ၅



ရွှေပေါက်ကံ လေးလမ်းသွားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## ယနေ့ ● မာတိကာ

### Second Officer ရေကြောင်းအရာရှိ ၁၃ ဦးအား မွေးထုတ်ပေးနိုင်ခဲ့

စာမျက်နှာ - ၇

### အာနန္ဒာဘုရားပွဲတော်တွင် ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ - ၈

### ဈေးကွက်သေချာနေသည့် CP အစေ့ထုတ်ပြောင်းစိုက်ပျိုးသူ တစ်နှစ်ထက်တစ်နှစ် များပြားလာ

စာမျက်နှာ - ၁၁

# ခပေါင်းဆည်မှ ရေပေါ်နေအိမ်လေးများသို့ အလည်တစ်ခေါက်

ယခုနှစ် ဆောင်းရာသီမှာ ယခင်နှစ်ကထက် အအေးပိုလှသည်။ ဆွာမြို့မှ မိုင် ၃၀ ကျော်ဝေးသည့် အုတ်တွင်းမြို့ကို နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ပြီး အေးလွန်းလှ၍ တဆတ်ဆတ်တုန်နေသည်။ ခပေါင်းဆည်ပေါ်တက်ရန် အတွက် အုတ်တွင်းမြို့မရဲစခန်းမှ ဒု-ရဲအုပ် မင်းမင်းဇော်နှင့် အောင်လက်ဖက်ရည်ဆိုင်၌ တွေ့ခဲ့သော်လည်း သူ့အနေဖြင့် အလုပ်ကပေါ်လာသည့် အတွက် ခပေါင်းရဲကင်းရှိ ဆရာကြီးကျော်မင်းထွန်းကို ဆက်သွယ်ပေးသည်။ လိုအပ်သည်များ ကူညီပေးရန်ဖြစ်သည်။ အုတ်တွင်း-ပေါက်ခေါင်း-ပြည် ရိုးမဖြတ်ကျော်လမ်းကို ဆိုင်ကယ်နှင့် ဖြတ်သန်းမောင်းနှင်ဖူးသော်လည်း ခပေါင်းဆည်သို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



သတင်းနှင့်ဓာတ်ပုံ - ကိုလွင်(ဆွာ)


လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၏ ထုတ်ကုန်ပမာဏများတိုးမြင့်စေဖို့
KHIN MAUNG NYUNT TRADING CO., LTD. သို့ ဆက်သွယ်ကြပါစို့

- ❖ လေမှုတ်စက်နှင့် ပတ်သက်သော စက်ချို့ယွင်းမှုများအား စမ်းသပ်အဖြေရှာခြင်း
- ❖ ကျွမ်းကျင်သော Engineer များမှ လုပ်ငန်းခွင်အရောက် ဝန်ဆောင်မှုပေးခြင်း
- ❖ လိုအပ်သောအရံပစ္စည်းများကို အချိန်တိုအတွင်း အာမခံဖြင့် တပ်ဆင်ပေးနိုင်ခြင်း
- ❖ နှစ်အလိုက်၊ လအလိုက် Maintenance Package များ ဝယ်ယူနိုင်ခြင်း




KHIN MAUNG NYUNT TRADING CO., LTD.
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon.
Tel : (95-1) 590227, 591306 Fax : (95-1) 590818

ကြေးမုံစာတည်းရှုထောင့် ၂၅-၁-၂၀၁၆၊ တနင်္လာနေ့

# အမျိုးသားကြီးပွားတိုးတက်ရေး

တို့မြန်မာအမျိုးကောင်းသားများ တိုးတက်ဖို့အတွက် မိမိတို့၏ မှားယွင်းနေသောအတွေးအခေါ်၊ အမူအကျင့်၊ စိတ်ဓာတ်များကို ပြုပြင်နိုင်အောင် ကြိုးပမ်းအားထုတ်သင့်ပါသည်။ ထိုသို့ ကျင့်ကြံအားထုတ်ရာတွင် ဆရာတော် အရှင်ကုမာရ၏ ဖြေကြားချက်မှာ စိတ်ဝင်စားလိုက်နာဖွယ်ဖြစ်သည်။

မြန်မာအများစုသည် Team Work အားနည်းပြီး ညီညွတ်ခြင်း မရှိကြပါ။ ဘေးမှ သွေးခွဲရလွယ်ကူပြီး မနာလိုစိတ်များကြပါသည်။ အချင်းချင်းတွင် မိမိထက်သာမည်ကိုမလိုလားဘဲ မနာလိုစိတ်ရှိကြသည်ဟု ဆိုထားသည်။ မိမိထက်သာသူသာမက မိမိထက်နိမ့်ကျနေသူကိုလည်း အထင်အမြင်သေးတတ်ပါသည်။ ယင်းအချက်နှင့်ပင် မတိုးတက်ခြင်း၏ အကြောင်းဖြစ်သည်။

ထို့အပြင် တစ်ပါးသူအား ချီးကျူးလျှင် မကြိုက်ချင်၊ မိမိကိုသာ ချီးကျူး စေလိုပြီး ချီးကျူးခံရသည်ကိုပင် သာယာကြသည်။ အဆိုးဆုံးမှာ တစ်ဦးနှင့် တစ်ဦး မုဒိတာမပွားနိုင်ခြင်းပင်။ များသောအားဖြင့် ဝန်ထမ်းများတွင် ကြိုးစားရမည့်ကိစ္စ၌ တက်တက်ကြွကြွမရှိချင်။ အခြားသူမလုပ်လျှင် မိမိလည်းမလုပ်ချင်သည့် အချောင်ခိုသည့်စိတ်ရှိကြမည်ဟု ထင်မြင်မိလျှင် မှားမည်မထင်။

ငွေကြေးများများရလျှင်ရသလို အသုံးအဖြုန်းများချင်သည်။ ရှိသည့်ငွေ နှင့်မည်သည့်အရာဝယ်မည်ကို စဉ်းစားနေတတ်သည်။ မိမိအတွက် မဖြစ်မနေ လိုအပ်၊ မလိုအပ်မစဉ်းစားဘဲ အခြားသူများ ဝယ်ယူအသုံးပြုနေလျှင် မိမိလည်း ဝယ်ချင်လာသည်။ ပုံမှန်သက်သောင့်သက်သာရသည့်ဝင်ငွေကို ပိုမက်ကြသည်။ ထို့ကြောင့် ဝန်ထမ်းဘဝနှင့် အသက်ပြည့်သည်အထိ ကျေနပ်နေကြသည်။

ရေရှည်အကျိုးကို မမြော်မြင်တတ်သဖြင့် စီးပွားရေးလုပ်ရမည်ကို ကြောက်ရွံ့တတ်သည်။ အတွေးအခေါ်နှင့် တီထွင်ကြံဆမှုအပိုင်းတွင် အားနည်း ပြီး မိရိုးဖလာဆက်ခံခြင်းကို အားပြုတတ်သည်။ တစ်ဦးလုပ်သည်ကို စောင့်ကြည့်ပြီးမှ အဆင်ပြေသည်ကိုမြင်လျှင် ဝိုင်းလုပ်ကြသည်။ ထို့ကြောင့် လူတိုင်းအနေဖြင့် ရေရှည်တိုးတက်မှု မရကြချေ။ အပြောင်းအလဲကို လိုက် နိုင်ရန်အတွက် လိုအပ်သည့်ပညာအားနည်းသလို စိတ်ဝင်စားမှုလည်း မရှိချေ။ ဝေဖန်မှုကိုအားသန်ပြီး မိမိကိုယ်တိုင်မပြုပြင်ချေ။

လက်တွေ့ကျကျ ဆောင်ရွက်မှုအားနည်းပြီး အကြံပြုချက်ကောင်းသည်။ ကိုယ်တိုင်စီမံခန့်ခွဲရာတွင် အားနည်းသည်။ ပုတ်ခတ်ခြင်းကိုကြိုက်ပြီး မိမိရှုံးနိမ့် လျှင် အခြားသူလည်း ရှုံးနိမ့်စေလိုသည့် မသိစိတ်ရှိသည်။ အရှုံးနှင့် ရင်ဆိုင် ရလျှင်လည်း ပြန်လည်ရုန်းထဖို့ အားမစိုက်ချေ။ မအောင်မြင်လျှင် ကံကိုပုံချ တတ်သည်။ မိမိကြုံတွေ့ဖူးသော အတွေ့အကြုံတစ်ခုတည်းနှင့် အရာရာကို တစ်ဖက်သတ်သုံးသပ်တတ်သည်။ မိမိအမြင်နှင့်မတူလျှင် အားမပေးဘဲ အပြစ်မြင်ရှုတ်ချတတ်သည်။

ဝတ်ပြုဆုတောင်းလျှင် မိမိအတွက် ကောင်းကျိုးချမ်းသာရရှိစေရန် ဆုတောင်းလေ့ရှိပြီး အခွင့်အလမ်းကြုံလျှင်ပင် အခွင့်အလမ်းမှန်းမသိဘဲ ကျော်သွားတတ်သည်။ လက်ရှိအခြေအနေလေးတွင်ပင် ကျေနပ်နေတတ် သည်။ မိမိအကြောင်းထက် အခြားသူများအကြောင်းကို စိတ်ဝင်စားတတ်ပြီး အပိုစကားများဖြင့် အချိန်ဖြုန်းတတ်သည်။ ငွေရှိလျှင် တိုးပွားအောင် မလုပ်တတ်ချေ။ စိတ်ကူးလည်းနည်းသည်။ ငွေကိုသာကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားချင်သည်။ အကျိုးရှိပြီး တိုးပွားအောင်မလုပ်တတ်ချေ။ အောင်မြင်မှုနှင့် အများအကျိုးအတွက် စိတ်ဝင်စားမှု အားနည်းသည်။

မိမိသိရှိထားသမျှဖြင့် ထိရောက်အောင် အသုံးမချတတ်ချေ။ မိမိထက် သိသူ၊ တတ်သူတို့ကလည်း ပညာကိုမျှဝေပေးလိုမှု အားနည်းသည်။ လူတော် များ များများပေါ်ထွက်လာအောင် ပျိုးထောင်ခြင်း၊ အားပေးခြင်းတွင် အားနည်းသည်။ ထို့ကြောင့် တို့မြန်မာများ မြန်မြန်ဆန်ဆန်တိုးတက်မှုရှိ မလာခြင်းဟု သုံးသပ်မိပါသည်။

ယခုအချိန်တွင် ယခင်နှင့်မတူ ပြောင်းလဲမှုများ မြင်တွေ့နေရပြီ ဖြစ်ပါ သည်။ အဆိုပါအတွေးအခေါ် အယူအဆဟောင်းများကို ပြောင်းလွယ်၊ ပြင် လွယ်ပြုလုပ်တတ်လာကြပါသည်။ သို့သော် မိမိတို့၏ဖော်ပြပါ အားနည်းချက် များကို လူတိုင်းလူတိုင်း ပြုပြင်ပြင်ဆင်ပြီး လုပ်ကိုင်ရန်လိုအပ်နေသေးသဖြင့် ယခုအချိန်မှစတင်၍ တို့မြန်မာများတိုးတက်ကြီးပွားအောင် အားထုတ် ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါသည်။ ။

## AEGIS အာမခံပွဲစားကုမ္ပဏီ မြန်မာဌာနေရုံးခွဲဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ဗီယက်နမ်နိုင်ငံအခြေစိုက် အာမခံပွဲစားကုမ္ပဏီရုံး ဖြစ်သည့် AEGIS Company Limited ဌာနေရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သည့် အခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယနေ့ကျင်းပခဲ့ရာ ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် AEGS ဌာနရုံးအကြီးအကဲ Dr. Nang Sihar Noan က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြား ရေးမှူး ဦးအေးမင်းသိန်း၊ AEGIS အကြီးအကဲနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ Business Councillor ဗီယက်နမ်နိုင်ငံ စီးပွားရေးသံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တာဝန်ရှိသူ များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆက်မပြတ် ဖွံ့ဖြိုးမှုဟုအဓိပ္ပာယ်ရသည့် AEGIS အာမခံပွဲစားကုမ္ပဏီသည် တစ်ဆင့်ခံအာမခံလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ နိုင်ငံတွင်းအာမခံလုပ်ငန်း ဖွံ့ဖြိုးလာရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်း၊ ဈေးကွက် သုတေသနပြုခြင်း၊ နိုင်ငံတကာမိတ်ဖက်များဖြင့် ကိုယ်စား ချိတ်ဆက်ပေးခြင်း၊ နည်းပညာ ပေါင်းစပ်လုပ်ဆောင်ခြင်း၊ အတွေ့အကြုံများကို မျှဝေသင်ကြားပေးခြင်းတို့ဖြင့် အာမခံဈေးကွက်နှင့် တစ်ဆင့်အာမခံဈေးကွက်များကို ဖော်ဆောင်သွားရန် ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားမှ အာမခံကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ပြီး သုံးနှစ်ကြာမှ လုပ်ပိုင်ခွင့်ရရှိမည်ဖြစ် သည်။

**(သတင်းစဉ်)**




## ဗိုလ်ချုပ်ကြေးရုပ်အနီးသာယာလှပရေးအလှူငွေ ပေးအပ်လှူဒါန်း

**ရေနံချောင်း ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အလှူငွေပေးအပ် လှူဒါန်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရ သည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲသည် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်း၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက် မည့် အသက်(၁၀၁) နှစ်ပြည့် မွေးနေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေနံချောင်းဇာတိဖွား ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကပေးအပ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဆရာတော်အရှင်ဆန္ဒာဓိက က အလှူငွေကျပ် ၁၆၂၀၀၀၀ ကို ဗိုလ်ချုပ် ပန်းခြံသာယာလှပရေး ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကြူ၊ ဒု-ဥက္ကဋ္ဌ ဦးချစ်ညီညီ၊ ဘဏ္ဍာရေးမှူး ဦးမြင့်ဦး တို့အား ဆရာတော်ကိုယ်စား ဆရာတော်၏ အကျိုးဆောင် ဦးကျော်လွင်က ပေးအပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

**ငြိမ်းငြိမ်း(ချောက်)**

## မိုင်းဆတ်၌ အမေများနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့မိ မြို့ဖများနှင့် အဖြူရောင်လူငယ်များ ကြီးမှူး၍ တတိယအကြိမ် အမေများနေ့ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီက မိုင်းဆတ်မြို့ သဗ္ဗညုကျောင်း တိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် အသက်(၇၀)နှစ်အထက် ကန်တော့ခံအမေ ၂၆၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၇၀၀၀ တန်ဖိုးရှိ ဆေးဝါးနှင့်ပစ္စည်းများ ပေးအပ် လှူဒါန်း၍ ပူဇော်ကန်တော့ရာ အမေများကိုယ်စား အမေဒေါ်နွဲ့က ဆုမွန်ကောင်းများ တောင်းပေးခဲ့ သည်။

ယင်းနောက် ဆရာတော်သံဃာ တော်များအား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး သဗ္ဗညု ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုန္ဒက က အမေ့ ကျေးဇူးဆိုင်ရာများ ဟောကြားပေးခဲ့ သည်။ အမေများနေ့ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးသန်းဝေက ကျေးဇူးတင် စကား ပြန်လည်ပြောကြားပြီး အမေ များနှင့် အခမ်းအနားတက်ရောက် လာကြသူများအား ရှမ်းခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**



## ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးဆောင်ရွက်

**ရွှေတောင် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင် မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုနှင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၇ ရက်က ရွှေတောင်သဘာဝဓာတ်ငွေ့ သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အား ဖြန့်ဖြူးပေးထားသော 11 KV နွားမယံ ရေနံမြေဓာတ်အားလိုင်း ဓာတ်အားပြတ် တောက်မှု လျော့နည်းရေးနှင့် Unit Losses ကျဆင်းရေးတို့အတွက် 11 KV ကြွေသီးများလဲခြင်းနှင့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။ **(၁၁၆)**

## ဝက်လက်မြို့နယ် အခြေခံသမဝါယမအသင်းများသို့ ချေးငွေကျပ်သိန်း ၂၅၀၀၀ ကျော် ထုတ်ချေး

**ဝက်လက် ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး အသင်းစုချုပ်တို့မှတစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှရရှိသည့် ချေးငွေများကို ဝက်လက်မြို့နယ် သမဝါယမအသင်းစုက ကျေးရွာလယ်ယာကုန်ထုတ် သမအသင်းများသို့ ပဉ္စမအကြိမ် ထုတ်ချေးငွေများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အသင်းစုရုံး၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် မြို့မစခန်းမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးပေါ်ရှင်က စတုတ္ထအကြိမ်ချေးငွေများ ပြန်လည် ပေးဆပ်ရာတွင် အစောဆုံးအကျေပေးဆပ်ခဲ့သော အခြေခံသမအသင်းများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

Exim Bank ချေးငွေများကို သမဝါယမလုပ်ငန်း များ ရှင်သန်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဝက်လက်မြို့နယ်အတွင်းရှိ သမအသင်း ၈၁ သင်းမှ အသင်းသား ၅၇၇၀ အား ငွေကျပ်သိန်း ၅၄၈၇ ကို ခြောက်လတစ်ကြိမ် ပြန်ဆပ်စနစ်ဖြင့် ထုတ်ချေး ပေးခဲ့ရာ ယခုပဉ္စမအကြိမ်အထိ အသင်းပေါင်း ၂၀၇ သင်းမှ အသင်းသားပေါင်း ၁၉၄၅၂ ဦးကို ချေးငွေ ကျပ်သိန်း ၂၅၉၂၇ ဒသမ ၂၃ သိန်းအထိ တိုးမြှင့်ချေး ပေးနိုင်ခဲ့သည်။

ယင်းသို့ ချေးငွေတိုးမြှင့် ချေးပေးခြင်းဖြင့် သမအသင်းများ၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍ များလည်း ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ပြော သည်။

**နန်းမြင့်(ဝက်လက်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှုံ

# ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီး တစ်ကမ္ဘာလုံးငြိမ်းချမ်းစေရန် မေတ္တာသုတ်ပရိတ်တော်ရွတ်ဆိုပူဇော်

**စစ်ကိုင်း ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သဒ္ဓမ္မ ဇောတိကာမဟာသိမ်တော်ကြီးတွင် ဇန်နဝါရီ ၂၂ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးသည် ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသွားကြောင်း သိရသည်။

အဆိုပါညီလာခံကြီးကို ကမ္ဘာ့တိုက်ကြီးငါးတိုက်ရှိ ဘာသာပေါင်းစုံပါဝင်သောနိုင်ငံပေါင်း၅၁နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များ၊ လေ့လာသူပညာရှင်များ စုစုပေါင်း၂၃၁ ဦးနှင့် ပြည်တွင်းမှဆရာတော်ကြီးများနှင့်ဘာသာရေးပညာရှင်များ စုစုပေါင်း၃၀၀တို့ တက်ရောက်ခဲ့ကြပြီး ငြိမ်းချမ်းရေးစာတမ်း ၅၄ စောင်၊ ငြိမ်းချမ်းရေးသဝဏ်လွှာ ၁၈ စောင် စုစုပေါင်း၇၂ စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက နိဂုံးချုပ်ဝမ်းမြောက်စကားမိန့်ကြားပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ တက်ရောက်လာကြသောဆရာတော်များက တစ်ကမ္ဘာလုံးငြိမ်းချမ်းစေရန်အတွက် မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို ရွတ်ဆိုပူဇော်ခဲ့ကြကာ ဆရာတော်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီးခြင်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)မှ အတွင်းရေးမှူးချုပ် ပါမောက္ခဆရာတော် ဒေါက်တာဓမ္မသာမိက "ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးကွန်ဖရင့်အောင်မြင်ပြီးစီးသွားပါပြီ။ အောင်မြင်တယ်ဆိုတာက နိုင်ငံ ၅၁ နိုင်ငံမှတက်ရောက်လာသူ ဗုဒ္ဓဘာသာခေါင်းဆောင်များနဲ့ ပညာရှင်များက ငြိမ်းချမ်းမှုရဲ့အနှောင့်အယှက်များ၊ ဖြေရှင်းမှုလိုအပ်မှုများကိုသဘောတူကြလို့ပဲဖြစ်ပါတယ်။ အတွေးအခေါ်နဲ့ကျင့်သုံးမှုရှုထောင့်ကနေ ငြိမ်းချမ်းရေးကို ပိုမိုခိုင်မာအောင်လုပ်လိုက်တာပါပဲ။

"တောင်အာဖရိက၊ ယူဂန္ဓာ၊ ကွန်ဂို၊ ကိုလံဘီယာ၊ ကမ္ဘောဒီးယား၊ အီရန်နဲ့အစ္စရေးလိုနိုင်ငံများမှ ကိုယ်စားလှယ်များနဲ့ မြန်မာနိုင်ငံဆရာတော်ကြီးများအမြင်တူညီပါတယ်။ ဒါကြောင့် အောင်မြင်တယ်ပြောတာပါ။ နောက်တစ်ဆင့်ကတော့ လူထုထဲမှာ ဒီငြိမ်းချမ်းရေးအတွေးအခေါ်အမြစ်တွယ်အောင် နိုင်ငံပေါ်လစီချမှတ်သူတွေနှလုံးသားထဲ ဒီငြိမ်းချမ်းရေးသတိနဲ့ ငြိမ်းချမ်းရေးအသိရောက်အောင် ဆက်လက်လုပ်သွားဖို့ပါ"ဟု မိန့်ကြားခဲ့သည်။



ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးမှ သီတဂူကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)၊မင်းထက်အောင်(မန်းကိုယ်ပွား)**

**ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံ တတိယနေ့ ကျင်းပစဉ်။**

## ❖ ခပေါင်းဆည်မှ

တစ်ခါမှမရောက်ဖူးသေး။ သို့သော်လည်း ခပေါင်းဆည်အတွင်းနေသူများမှာ ဝါးဖောင်ပေါ်အိမ်ဆောက်ကာ တံငါလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုကြကြောင်းသတင်းစကားများအရ သွားရောက်လည်ပတ်လိုသည့်စိတ်ကတားမရ။ ထို့ကြောင့်ပင် ယခုခရီးထွက်လာခဲ့ခြင်းဖြစ်သည်။

အုတ်တွင်းမြို့လယ် ဘုရားလမ်းမှတစ်ဆင့် ရိုးမဖြတ်ကျော်ကားလမ်းအတိုင်းထွက်လာခဲ့ရာ အမြန်လမ်းအနောက်ဘက်အရောက် ဇောဓိကုန်းကျေးရွာ၊ လက်ပံခုံကျေးရွာတို့ကိုကျော်လွန်လာခဲ့ပြီး "ခပေါင်းဆည်သို့" ဟူသည့်နေရာမှစ၍ ယာဘက်လမ်းခွဲမြေသားကျောက်လမ်းအတိုင်း ထွက်လာခဲ့ရာ လမ်းမှာကြမ်းလွန်းလှသည်။ ကိုယ်စီးလာသည့် ဆိုင်ကယ်ပင်လျှင် မြင်းနှင့်မှားစီးလာသလားအောက်မေ့ရလောက်အောင် ခုန်ပေါက်ပြေးလွှားလျက် လမ်းတစ်လျှောက်ထင်းလှည်းများ၊ ဝါးတင်လှည်းများ၊ မီးသွေးအိတ်တင် ဆိုင်ကယ်ကယ်ရီများများစွာတွေ့ရှိရသည်။ တောလမ်းဖြစ်၍လူပြတ်ကာ ခရီးသွားသူနည်းပါးသည်။ မွန်းတည့် ၁၂ နာရီထိုးအချိန်ရောက်မှ ခပေါင်းဆည်ရဲကင်းသို့ရောက်ရှိပြီး ဆရာကြီး ကျော်မင်းထွန်းနှင့် သူတပည့်တစ်ယောက်ကို ဆည်အတွင်းရှိ တံငါသည်နေအိမ်များသို့ သွားရောက်လိုကြောင်း၊ လူနေမှုဘဝများကို လေ့လာချင်ကြောင်းပြောပြခဲ့သည်။

"ဒါဆိုရင် ဆည်မြောက်ဘက်ဆိပ်ကနေ သွားမှရမှာ။ ဘာမှမပူပါနဲ့။ အားလုံးအဆင်ပြေအောင်လိုက်ပို့ပေးပါ့မယ်။ လမ်းတော့နည်းနည်းကြမ်းတယ်" ဟု ဖော်ရွေခင်မင်စွာပြောဆို၍ ရှေ့ကနေ ဦးဆောင်ထွက်ခွာသွားသည်။ ခပေါင်းဆည်မှာ အလျားတိုသော်လည်း မြင့်မားသည် အရှေ့ဘက်အောက်ထဲတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်သည့်စက်ရုံကို အပေါ်စီးကနေမြင်တွေ့နေရသည်။ ဆည်ဝန်းကျင်နှင့်ရေပေါ်နေ တံငါသည်များ၏ သားသမီးများတက်ရောက်ပညာသင်ကြားနေသည့် စာသင်ကျောင်းလေးမှ စာအံသံများကို အဝေးမှပင်အတိုင်းသားကြားနေရပါ၏။ အတက်အဆင်းကြမ်းသော်လည်း မီးသွေးအိတ်တင်သည့် ဆိုင်ကယ်များကတော့ သူတို့နေစဉ်သွားလာနေသည့် လမ်းဖြစ်၍ ဘာမှအခက်အခဲမရှိသော်လည်း ယခုမှလာရောက်သူတို့အတွက် သတိဖြင့်မောင်းနှင်နေရသည်။

မစိုးဆိပ်ဟုခေါ်သည့် ဆည်မြောက်ဘက်ဆိပ်ကိုရောက်ပါပြီ။ စက်လှေလေးများက ကန်ရေပြင်ကျယ်တွင် သူတို့လိုရာခရီးကို အစုန်အဆန်သွားနေကြသည်မှာလည်း တောတောင်သဘာဝနှင့်ပနံရလှသည်။စက်လှေလေးများမှာ လူသုံး၊လေးယောက်လောက်သာတင်နိုင်သည့်လှေသေးလေးများဖြစ်ကာ ဟွန်ဒါအင်ဂျင်အသေးလေးတွေတပ်ဆင်ထားပြီး ဆည်ရေပြင်၌ နေကြသူတိုင်းတစ်စီးစီရှိကြသည်ဟု ဒေသခံတစ်ဦးကပြောသည်။ "ရေပြင်ပေါ်မှာနေကြသူတွေကတော့ ဆိုင်ကယ်စီးသလိုသွားနေကြတာပဲ။ လူမှုရေး၊ ကျန်းမာရေး၊ လုပ်ငန်းခွင်မှာလည်း ဒီလှေလေးတွေကိုပဲအားထားနေရတာ"ဟုဆိုပါသည်။ လှေဆိပ်အရောက် တောဝက်သားရောင်းချသူနှင့်တွေ့သည်။ တစ်ပိဿာမှ ကျပ် ၅၀၀၀ ဟုဆို၍ ဝယ်လိုသော်လည်း အလုအယက်ဝယ်ယူကြခြင်းကြောင့် ကိုယ့်အတွက်အနားတောင်ကပ်ခွင့်မရလိုက်။ ကုန်သွားပြီဟုဆိုပါသည်။ အဝေးကကြည့်လျှင် ကန်ရေပြင်မှာ ငြိမ်သက်နေသည်ဟု ထင်ရသော်လည်း အမှန်တကယ် လှေငယ်လေးဖြင့်သွားကြည့်မှပင် လှိုင်းကြက်ခွပ်လေးများက လေအနည်းငယ်ထန်လျှင် လှေငယ်မှာလူးလိမ့်နေ၍ အနည်းငယ်စိုးရိမ်စိတ်တော့ဝင်မိသည်မှာအမှန်။ လှေငယ်မောင်းသူကတော့ နေ့စဉ်သွားလာနေကြမို့ အဆန်းမဟုတ်တော့ပေ။ လှေဆိပ်ဆင်းကတည်းက ဝါးလုံးများအထပ်ထပ်ဆင့်ကာ အပေါ်တွင်အိမ်ဆောက်၍ ဈေးရောင်းသူကရောင်း၊ ငါးလှန်းသူကလှန်း၊ အဝတ်လျှော်သူကလျှော် သူတို့ဘဝနှင့်သူတို့မှာတော့ ပျော်ရွှင်စွာနေထိုင်ကြသည်ကို တွေ့ရသည်။

ဆည်ရေပြင်အတွင်း လာရောက်နေထိုင်ကာ တံငါလုပ်ငန်းဖြင့် အသက်မွေးသူအများစုမှာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းက များသည်။ သို့ကြောင့်ပင် ကန်တောင်ဘက်ခြမ်းရှိ ရေပေါ်တဲစုတစ်ခုဆီသို့ ဦးတည်သွားရောက်ခဲ့ပြီး တဲရှင်မှာ ပန်းတနော်မြို့နယ်သား ဦးသန်းမြင့် ဖြစ်သည်။ခပေါင်းဆည်တွင် တံငါလုပ်ငန်းလာရောက် လုပ်ကိုင်ရခြင်းနှင့်ပတ်သက်၍မေးမြန်းကြည့်ခဲ့ရာ ကိုယ့်ရပ်ဇာတိကို မစွန့်ခွာလိုသော်လည်း အင်းလုပ်ငန်းများမှာလက်ဝါးကြီးအုပ်မှုများပြားခြင်းနှင့် အင်းသူကြီးများ၏ အတိုးငွေကြီးမြင့်မှုကြောင့် သူတို့လို ရေလုပ်သားများ၏ ဘဝရပ်တည်ရေးအတွက် မဖြစ်နိုင်တော့သည့်အတွက် ခပေါင်းဆည်ကိုရောက်ရှိခဲ့ကြခြင်းဖြစ်သလို နာဂစ်မုန်တိုင်းဒဏ်ကို ခါးစည်းစွာခံခဲ့ရသူများလည်း မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆည်များစွာသို့ မိသားစုဘဝရပ်တည်နိုင်ရေးအတွက် ဖြန့်ခွဲရောက်ရှိကုန်ကြောင်း ပြောပြရင်း ညှိုးငယ်အားလျော့သွားသည့်ဟန်ကြောင့်လည်း အတော်ပင် စိတ်မကောင်းဖြစ်မိသည်။ နာဂစ်၏ဆိုးမွေနှင့်အကျိုးဆက်မှာ ယခုထိတိုင်အောင် ရိုက်ခတ်ဆဲပါတကားဟူသော အသိစိတ်ကြောင့်ပင် ပို၍စာနာ နားလည်းခဲ့ရသည်။တံငါလုပ်ငန်းမှာလည်း ပုံသေတွက်၍မရ။ ရေအတက်အကျပေါ်မူတည်ကာ ကျပ်နှစ်ထောင်ဝန်းကျင်မှ ကျပ်တစ်သောင်းဝန်းကျင်သာ နေ့စဉ်ဝင်ငွေရှိသည်။ခပေါင်းဆည်အတွင်း လက်ရှိ တီလားပီးယား၊ ငါးနုတ်၊ ငါးသေး၊ ငါးရံ့၊ ပုစွန်အသေးများသာဖမ်းမိကာ ငါးရံ့ခြောက်ကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံများသို့လည်းကောင်း၊ ကျန်ငါးများကိုရေခဲရိုက်ကာ တောင်ငူမြို့မဈေးကြီးသို့လည်းကောင်း တင်ပို့ရောင်းချရကြောင်း သိရသည်။ ရေပေါ်တွင်မပျော် ကုန်းပေါ်မှာနေလိုကြပေသည့် ယခုထိတိုင်အောင် အခွင့်အလမ်းနည်းပါးနေသေးကြောင်း ဦးသန်းမြင့်ကပင်ပြောပြသည်။

ငှက်ဖြူလျှိုနှင့် စိမ်ရေဘက်ကျပြန်တော့ ငါးအမိအရများသော်လည်း တောဆင်ရိုင်းအုပ်အချို့ရှိနေသည့်အတွက် သတိဖြင့်လုပ်ကိုင်ကြရသလို ဆင်ပစ်မုဆိုးအန္တရာယ်ကို ကြောက်နေကြရကြောင်း ဒေသခံတစ်ဦးကပြောပြသည်။ စက်လှေနှင့် မောင်းပို့ပေးသည့် ကိုမောင်ဇော်က သူ့အိမ်တွင်ထမင်းစားရန်စီစဉ်ထားကြောင်းပြောကာ လေဆန်ကိုလှန်ကာ အနောက်တောင်ဘက်ကျွန်းဆီသို့မောင်းနှင့်ခဲ့ရာ လှိုင်းပုတ်သည့်အတွက် အားလုံးလိုလို ရေတွေရွှဲစိုကုန်သည်။ လက်ကနာရီကြည့်လိုက်တော့ မွန်းလွဲနှစ်နာရီခွဲနေပြီ။ ဗိုက်ကဆာတာတော့အမှန်။ အစောကဝယ်မရခဲ့သော တောဝက်သားဟင်းတစ်မျိုးတည်းနှင့်ပင် ဝမ်းရေးကိုဖြေရှင်းနိုင်ခဲ့ကာ သဘောကောင်းလှသည့် ကိုမောင်ဇော်တို့မိသားစုကို ကျေးဇူးတင်မိသည်။ တဲဆီသို့ ရေလှိုင်းများကလာရောက်ပုတ်သော်လည်း နေအိမ်မှာ တုတ်တုတ်မျှမလှုပ်။ သို့နှင့် ကိုမောင်ဇော်ကိုပင် နေအိမ်တည်ဆောက်ပုံကိုမေးကြည့်ခဲ့ရာ"အောက်ကဝါးကသုံးထပ်ခံရတော့ ဝါးအလုံးရေ ၃၀၀နဲ့၄၀၀ ကြားကုန်တယ်။ မိုးရာသီဆိုရင် ရေဒီယိုနားထောင်၊ တီဗွီသတင်းကြည့်၊ မိုးလေဝသသတင်းကို နားထောင်ရတာ။ မိုးကြီးလို့ လေထန်တော့မယ်ဆိုရင် ကိုယ်စက်လှေလေးတွေနဲ့ လေကွယ်နိုင်မယ့် လျှိုတွေထဲကို ဆွဲကပ်ထားရတာ။ ရာသီဥတုပြန်ကောင်းသွားမှ မူလနေရာ တစ်ခါပြန်ဆွဲပေါ့ဗျာ"ဟု ဆိုပါသည်။

သူတို့၏လူနေမှုဘဝများမှာ အလွန်စိတ်ဝင်စားစရာကောင်းလှသည်။ တောတောင်သဘာဝသာယာလှပသလို သူတို့ဘဝလေးတွေလည်း ဖြောင့်ဖြူးသာယာစေချင်သည်။ ညနေစောင်းလာပြီမို့ အအေးဓာတ်ကလွှမ်းခြုံကာ တောင်ခြေများတွင် မြူနှင်းတို့က အုံ့ဆိုင်းလာနေသည်။ လာရသည့်ခရီးဝေးလှသည်မို့ အားလုံးကိုနှုတ်ဆက်၍ အပြန်ခရီးစတင်ခဲ့လေပြီ။





# ဝါရှင်တန်နှင့် နယူးယောက်မြို့ကြီးပါအဝင် အမေရိကန်ပြည်နယ် ၁၁ ခုတွင် နှင်းမုန်တိုင်းများတိုက်ခတ်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းဒေသအများအပြားတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီး နှင်းမိုးများ စံချိန်တင်ကျဆင်းမှုကြောင့် လမ်းမများပေါ်တွင် မော်တော်ယာဉ်များ ပိတ်ဆို့မှုဖြစ်ပွားလျက်ရှိကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

နယူးယောက်မြို့အပါအဝင် ဝါရှင်တန်ဒီစီနှင့် ပြည်နယ် ၁၁ ခုတွင် နှင်းကျဆင်းမှုကြောင့် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ အချို့ပြည်နယ်များတွင် နှင်းထုထည်အမြင့် တစ်မီတာ(သုံးပေ)အကျော်သို့ ရောက်ရှိနေသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၄ ဦးသေဆုံးခဲ့သည်။ သေဆုံးသူများအနက် သုံးဦးမှာ နယူးယောက်မြို့မှဖြစ်ပြီး နှင်းများအလွန်အမင်း ကျဆင်းနေစဉ် ကားမတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံးခဲ့သည်။

ဝါရှင်တန်မြို့တွင် နှင်းကျဆင်းမှုထုထည် ၅၀ စင်တီမီတာအကျော်သို့ ရောက်ရှိနေပြီဖြစ်သည်။ မြို့တော်အတွင်းရှိ မြေအောက်ရထားလိုင်းများနှင့် ဘတ်စ်ကားလိုင်းများပြေးဆွဲမှု ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

နှင်းများအလွန်အမင်းကျဆင်းမှုကြောင့် နယူးယောက်မြို့ရှိ ဘတ်စ်ကားလိုင်းအချို့နှင့် မီးရထားလိုင်းအချို့ကို ဇန်နဝါရီ ၂၃ ရက်မှစပြီး ယာယီရပ်ဆိုင်းထားသည်။ သို့သော် မြေအောက်ရထားလိုင်းများ ဆက်လက်ပြေးဆွဲလျက်ရှိသည်။ မော်တော်ယာဉ်မောင်းနှင်သူများအတွက် လိုက်နာရမည့်သတိပေးချက်များ ထုတ်ပြန်ကြေညာထားပြီး ဈေးဆိုင်များနှင့် စားသောက်ဆိုင်အချို့လည်း ယာယီပိတ်သိမ်းထားသည်။

နှင်းများကျဆင်းမှုကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများအပါအဝင် လေကြောင်းလိုင်း ၈၀၀၀ ကျော်ကို လေကြောင်းပြေးဆွဲမှု ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒတာဝန်ရှိသူများက နှင်းကျဆင်းမှုသည် ဇန်နဝါရီ ၂၄ ရက်ထိ ကျဆင်းနိုင်ကြောင်းခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ။**

# အဲဘတ်စ်လေယာဉ် ၁၁၄ စင်း ဝယ်ယူရေး အီရန်ဆွေးနွေးမည်

**တီဟီရန် ဇန်နဝါရီ ၂၄**

အီရန်နိုင်ငံသည် အဲဘတ်စ်လေယာဉ်များ ဝယ်ယူရေးကိစ္စနှင့်ပတ်သက်၍ လာမည့်ရက်သတ္တပတ်တွင် ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး အာဘတ်စ်အက်ခွန်ဒီက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ပြင်သစ်နိုင်ငံသို့ ခရီးသွားရောက်စဉ်အတွင်း ယင်းနိုင်ငံထံမှ အဲဘတ်စ်လေယာဉ် ၁၁၄ စင်း ဝယ်ယူရေးကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဝန်ကြီးအာဘတ်စ်က ပြောကြားသည်။

သမ္မတရိုဟာနီသည် ဥရောပသို့ ပထမဆုံးအကြိမ် ခရီးသွားရောက်မည်ဖြစ်ပြီး ၎င်း၏ ခရီးစဉ် နောက်ဆုံးနေ့ဖြစ်သော ဇန်နဝါရီ ၂၇ ရက်တွင် မြို့တော်ပါရီ၌ အဆိုပါကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးမည်ဟုဆို၏။

ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော အဲဘတ်စ်ကုမ္ပဏီနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း တီဟီရန်၌ ကျင်းပသော မြို့ပြလေကြောင်းဆိုင်ရာ အစည်းအဝေးဖွင့်ပွဲအပြီးတွင် ဝန်ကြီး အာဘတ်စ်က သတင်းထောက်များအားပြောကြားသည်။

**ရိုက်တာ။**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ အရှေ့အာရှခရီးစဉ် စတင်

**ရီယာဒ် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် သုံးရက်ကြာမြင့်သည့် အရှေ့အာရှခရီးစဉ်ကို ဇန်နဝါရီ ၂၄ ရက်တွင် စတင်လိုက်သည်။ ကယ်ရီသည် ဆွစ်ဇာလန်နိုင်ငံ၌ ဒါဗို့စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ၌ ခရီးတစ်ထောက်ရပ်နားကာ လာအိုနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ၂၀၁၆ ခုနှစ် ဥက္ကဋ္ဌတာဝန်ကို ရယူထားသော လာအိုနိုင်ငံ၌ အထက်တန်းတာဝန်ရှိသူများအား ဝန်ကြီးကယ်ရီ တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများနှင့်အတူ သွေးစည်းညီညွတ်မှုပြသရန် အမေရိကန်က ကြိုးပမ်းဖွယ်ရှိသည်။

ကယ်ရီသည် ဇန်နဝါရီ ၂၅ ရက် ညတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။

ဂျွန်ကယ်ရီသည် ဇန်နဝါရီ ၂၇ ရက်တွင် တရုတ်ခေါင်းဆောင်ပိုင်းနှင့် တွေ့ဆုံသည့်အခါ မြောက်ကိုရီးယားနိုင်ငံအပေါ် တရုတ်နိုင်ငံက ထိန်းချုပ်ပေးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။ မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းနိုင်ငံ၏မဟာမိတ် တရုတ်နိုင်ငံအပေါ် ဖိအားပေးရန် အမေရိကန်ပြင်ဆင်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**




# အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ခုနစ်ဦး မလေးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၄**

လွန်ခဲ့သည့်ရက်များအတွင်း အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ခုနစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။ ယခုလအစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် မလေးရှားတာဝန်ရှိသူများက လုံခြုံရေးအဆင့်တိုးမြှင့်ထားခဲ့သည်။

လွန်ခဲ့သည့်ရက်များအတွင်း မလေးရှားအထူးရဲတပ်ဖွဲ့က အကြမ်းဖက်သမားဟု သံသယရှိသူ ခုနစ်ဦးကို မလေးရှားနိုင်ငံ ပြည်နယ်လေးခုတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း မလေးရှားရဲချုပ် ခါလစ်အဘူဘေကာက ပြောကြားသည်။

ကွာလာလမ်ပူမြို့တော်ရှိ အမြန်ရထားဘူတာရုံတစ်ခုကို အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ရန် ကြံစည်သည့် အမျိုးသားတစ်ဦးကိုလည်းဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိထားသည့် ခုနစ်ဦးသည် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုတည်းမှဖြစ်နိုင်ကြောင်းနှင့် နိုင်ငံတွင်းရှိ အချက်အချာကျသည့်နေရာများကို တိုက်ခိုက်သွားရန်ရည်ရွယ်ထားကြောင်း မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးရမိထားသူများကို ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့ဝင် မလေးရှားနိုင်ငံသားတစ်ဦးက အကြမ်းဖက်တိုက်ခိုက်ရန်ညွှန်ကြားသည်ဟု ယူဆရသကဲ့သို့ ဂျကာတာမြို့အကြမ်းဖက်တိုက်ခိုက်မှုကို နောက်ကွယ်မှ ညွှန်ကြားသည့် ဆီးရီးယားနိုင်ငံရှိ အင်ဒိုနီးရှားနိုင်ငံသား အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်နိုင်ကြောင်း မလေးရှားရဲတပ်ဖွဲ့က ယူဆသည်။

မလေးရှားနိုင်ငံသား ၅၅ ဦးခန့်သည် ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းရန် မလေးရှားနိုင်ငံမှထွက်ခွာသွားခဲ့ပြီး ၁၇ ဦး သေဆုံးသွားခဲ့ကြောင်းနှင့် သေဆုံးသူများအနက် ခြောက်ဦးမှာ အသေခံဗုံးဖောက်ခွဲမှုတွင် သေဆုံးသွားခြင်းဖြစ်ကြောင်း မလေးရှား တာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ။**



# အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သတင်းအချက်အလက်များ တောင်အာရှနိုင်ငံများအား အိန္ဒိယထောက်ပံ့ပေးပြီ

**နယူးဒေလီ ဇန်နဝါရီ ၂၄**

အိန္ဒိယနိုင်ငံသည် တောင်အာရှနိုင်ငံများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ သတိပေးချက်များကို စတင်ထုတ်ပြန်ပေးလျက်ရှိကြောင်း မြေကမ္ဘာသိပ္ပံပညာဝန်ကြီးဌာန အတွင်းဝန် ရာဂျစ်ဗန်က ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာ၊ မော်လ်ဒိုက်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်နှင့် နီပေါနိုင်ငံတို့အပါအဝင် တောင်အာရှနိုင်ငံများအားလုံးအတွက် အယ်လ်နီညိုဖြစ်စဉ်ဆိုင်ရာ နောက်ဆုံးသတင်းအချက်အလက်များကို စတင်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံကိုလည်း သတင်းအချက်များထောက်ပံ့ပေးမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာန၏ မိုးလေဝသပညာရှင်တစ်ဦးလည်းဖြစ်သူ ရာဂျစ်ဗန်က ပြောကြားသည်။

အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်နေသော သတင်းအချက်အလက်များကို လစဉ်ထုတ်ပြန်ပေးသွားမည်ဆို၏။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်သည် ဒေသဆိုင်ရာရာသီဥတုဌာနအဖြစ် အိန္ဒိယနိုင်ငံကို အမည်စာရင်းတင်သွင်းခဲ့သည်။ အပူချိန်များနှင့် မုတ်သုံမိုးရွာသွန်းမှုတို့နှင့်ပတ်သက်၍ နောက်ဆုံးသတင်းအချက်များကို ဒေသဆိုင်ရာနိုင်ငံများအား ထောက်ပံ့ပေးလျက်ရှိသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# ရွှေပေါက်ကံလေးလမ်းသွားတံတားတည်ဆောက်ရေးလုပ်ငန်း မကြာမီပြီးစီးတော့မည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသော ရွှေပေါက်ကံတံတား(လေးလမ်းသွား) တည်ဆောက်ရေးလုပ်ငန်းခွင် ဒဂုံဘက်ကမ်းသို့ ရောက်ရှိပြီး လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၄)မှ ချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ်(AC)ခင်းပြီးမှု အခြေအနေများကိုလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၁)မှ ဒဂုံဘက်ကမ်းချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် (P-4), (P-5)နှင့် (P-6)တို့တွင် Box Girder Launching လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရွှေပေါက်ကံတံတားသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ အပေါ်ထည်ကို Steel Box Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် အောက်ထည် အုတ်မြစ်ကို ၁ ဒသမ ၂ မီတာ အချင်းဘိုးပိုင် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသော တံတားအရှည် ၂၄၂ မီတာ၊ ယာဉ်သွားလမ်းအကျယ်၁၄ ဒသမ၆ မီတာ(လေးလမ်းသွား)ဖြစ်ပြီး လူသွားလမ်းတစ်ဖက်လျှင် ၁ ဒသမ ၂ မီတာပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ယခုတည်ဆောက်နေသည့် ရွှေပေါက်ကံတံတား(လေးလမ်းသွား)၏ Box Girder တပ်ဆင်ခြင်းလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ပြီး တံတားတစ်စင်းလုံး ၈၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၎င်းတံတားကြီး တည်ဆောက်ပြီးစီးပါက ဒဂုံအရှေ့ပိုင်းမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့နောက် အမှတ်(၂)လမ်းမကြီးမှတစ်ဆင့် ပဲခူးမြို့ရှောင်လမ်းနှင့် ဘုရားကြီး-ဘောနတ်ကြီးလမ်းအခြေအနေကို လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း(ရန်ကုန်-နေပြည်တော်အပိုင်း)ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သွားလာနိုင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကင်းထောက် နိုင်ငံအဆင့်နည်းဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နိုင်ငံအဆင့် နည်းဗျူဟာရေးဆွဲခြင်းအလုပ်ရုံဆွေးနွေးပွဲ (National Strategic Planning Workshop for Myanmar Scouts)ဖွင့်ပွဲကို ယနေ့ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲကို ကင်းထောက်လူငယ်မောင်မယ်များက အစဉ်အသင့် ကင်းထောက်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံကင်းထောက် နိုင်ငံအဆင့် နည်းဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးသည့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ကင်းထောက်ကြီးများအား ကျေးဇူးတင်စကားပြောကြားပြီး အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒါရိုက်တာ Mr. Shree Prassanna Shrivastava နှင့် လုပ်ငန်းဆွေးနွေးပွဲ ဒါရိုက်တာ ဦးတင်လှိုင်တို့က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ဖွင့်ပွဲတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အဖွဲ့လေးဖွဲ့ခွဲပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့ ကင်းထောက်လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မြန်မာကင်းထောက်များ၏ စဉ်ဆက်မပြတ် စနစ်တကျတိုးတက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ရေရှည် မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲနိုင်ရန်များ ဆွေးနွေးကြမည်ဖြစ်သည်။



အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်ခေါင်းခုမှ ၂၄ ဦး၊ မြန်မာနိုင်ငံကင်းထောက်ကြီးများ ၁၆ ဦး၊ တက္ကသိုလ်များမှ ကင်းထောက်ဆရာနှင့် ကင်းထောက် ၁၀ ဦး တက်ရောက်ကြသည်။

**(ကိုလတ်-သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ်တွင် မြေသားနံရံပြိုကျ၍ အလုပ်သမားသုံးဦး သေဆုံးမှုဖြစ်ပွား



**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်တွင် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မြေသားနံရံပြိုကျမှုကြောင့် အလုပ်သမားသုံးဦး သေဆုံးခဲ့သည်။

"အသံအကျယ်ကြီး ကြားပြီး ပတ်ဝန်းကျင်က လူတွေပြေးလာတော့မှ မြေပြိုတယ်ဆိုတာ သိရတယ်။ ပြိုပြီးသိပ်မကြာဘူး ကယ်ဆယ်ရေးတွေရောက်လာတယ်။ ရှာဖွေမှုတွေလုပ်ပြီး သေဆုံးသူတွေကို နာရေးကူညီမှုယာဉ်နဲ့ သယ်သွားတာတွေ့လိုက်တယ်။ ဒဏ်ရာရတဲ့သူတချို့ကတော့ ထွက်ပြေးသွားတယ်လို့ ပြောနေကြတယ်"ဟု အဆိုပါ မြေပြိုမှုအနီးရှိ ဈေးရောင်းချနေသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်ရှိ ပခုက္ကူဝိသုတာရုံဓမ္မဗိမာန်ကျောင်းတိုက်ဝင်း အနောက်ဘက်တွင်ရှိသော ၂၅ ပေအမြင့်ရှိ မြေနံရံကို မြေထိန်းနံရံပြုလုပ်ရန်အတွက် မဟာမင်း မြေသယ်လုပ်ငန်းမှ အလုပ်သမားခေါင်းဆောင် ကိုကိုလွင်နှင့် အလုပ်သမားခြောက်ဦးတို့က မြေသားများကို တူးဖော်ဖြိုချနေစဉ် မြေနံရံပြိုကျ၍ အလုပ်သမားများဖြစ်သော ရွှေပြည်သာမြို့နယ်နေသူ အေးမင်း(၃၄)နှစ်၊ ဇော်မင်းဦး(၂၄)နှစ်နှင့် ကျိုးကြီး(၃၅)နှစ်(လိပ်စာစိစစ်ဆဲ)တို့ သုံးဦးမှာမြေပိ၍ သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သည်။

"သတင်းရတာနဲ့ ချက်ချင်းသွားရောက်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ရှာဖွေကယ်ဆယ်ရေးတွေ လုပ်ခဲ့ပါတယ်။ မီးသတ်တိုင်းဦးစီးမှူး ခေါင်းဆောင်ပြီး လူအင်အားအပြင် ဘက်ဟိုးယာဉ်နဲ့ရှာဖွေမှုတွေလုပ်တဲ့အခါမှာ မြေပိပြီး အလုပ်သမားသုံးဦး သေဆုံးနေတာ တွေ့ရပါတယ်။ သေဆုံးသူတွေကိုတော့ ဆေးရုံကို ပို့လိုက်တယ်။ ခြေထောက်မှာ ဒဏ်ရာရရှိတဲ့သူသုံးဦးရှိတယ်လို့သိရပေမယ့် ကျွန်တော်တို့ရောက်တော့ မတွေ့တော့ပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇောက ပြောသည်။

အဆိုပါဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၆ ဦးတို့က မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်ရှစ်စီး၊ ဘက်ဟိုးယာဉ်တစ်စီး၊ ကွပ်ကဲမှုယာဉ်လေးစီးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သေဆုံးသူများကို နာရေးကူညီမှုအသင်းမှ လူနာတင်ယာဉ်ဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့လိုက်ကြောင်း သိရသည်။

"အရင်တုန်းက ဒီကလေးတွေနဲ့ အလုပ်တွဲလုပ်ခဲ့ဖူးတယ်။ သူတို့တွေအနေနဲ့ မြေစာပုံကို သယ်ထုတ်တဲ့ အတွေ့အကြုံလောက်ပဲရှိပါတယ်။ ဒီလိုမြေသားနံရံကို ဖြိုချတဲ့အတွေ့အကြုံမျိုးမရှိဘူး။ မြေသားနံရံနဲ့ တောင်တွေဖြိုတယ်ဆိုတဲ့နေရာမှာ အန္တရာယ်အလွန်များတော့ အတွေ့အကြုံရှိဖို့ လိုအပ်တယ်။ အခုဖြစ်စဉ်မှာ အတွေ့အကြုံမရှိတာရယ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ထားမှုမရှိတာရယ်ကြောင့် ဖြစ်သွားတာလို့မြင်တယ်"ဟု မြေကြီး ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ရဲအောင်က ဆိုသည်။

အဆိုပါဖြစ်ပွားမှုတွင် အလုပ်သမားသုံးဦးသေဆုံးခဲ့သည့်အတွက် မရမ်းကုန်းမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်လင်းထွန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မြေထိန်းနံရံ ပြုလုပ်ရန်အတွက် မြေသားနံရံတူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၄ ရက်တွင် စတင်လုပ်ကိုင်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ယင်းကဲ့သို့ မြေပြိုကျခဲ့ခြင်းဖြစ်သည်။ အဆိုပါရပ်ကွက်သည် တောင်ကုန်းပေါ်တွင်တည်ရှိသည့်အတွက် မြေသားအနိမ့်အမြင့်ရှိနေသဖြင့် ယင်းရပ်ကွက်ရှိ ကျောက်ရေတွင်းဘက်အပိုင်းတွင် ၁၉၉၂ ခုနှစ်ခန့်ကလည်း မြေပြိုကျမှုကြောင့် လူသေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(စစ်ကိုင်းတိုင်းဒေသကြီး)ကို လက်လီရောင်းချသူများဖြင့် ဖွဲ့စည်း

**မုံရွာ ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးအခင်းအကျင်းပြောင်းလဲလာပြီး ပွင့်လင်းမြင်သာသောအခြေအနေများကို တွေ့မြင်လာရသည်နှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စတင်ဝင်ရောက်လာပြီဖြစ်သည်။ လက်လီဆိုင်လုပ်ငန်းများသည်လည်း ရင်းနှီးမြှုပ်နှံသူများ၏ မျက်စိကျစရာနယ်ပယ်တစ်ခုဖြစ်နေပြီး ပြည်တွင်းလုပ်ငန်းများအတွက် အခွင့်အလမ်းနှင့် ပြိုင်ဆိုင်မှုများ မြင့်မားလာလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်သန်းလှိုင်က ပြောပြသည်။

"မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း စစ်ကိုင်းတိုင်းဒေသကြီး (MMRASR)ကို ဇန်နဝါရီ ၉ ရက်မှာ အဖွဲ့ဝင် ၄၁ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိတဲ့ လက်လီလုပ်ငန်းစုဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာသုံးကုန်သွယ်ရေး(Modern Trading)ပြောင်းလဲဖို့နဲ့လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်မှု(Human Resources Development) တို့အတွက်ကြိုးစားနေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လက်လီရောင်းချသူများအားလုံး ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်နေပါတယ်"ဟု ဇန်နဝါရီ ၂၄ ရက်က မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသော လက်လီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဟောပြောပွဲတွင် ဦးကျော်သန်းလှိုင်က ပြောပြသည်။

"လက်လီကမှတစ်ဆင့် သုံးစွဲသူဆီကိုသွားတာပါ။ နိုင်ငံတစ်နိုင်ငံ တိုးတက်တယ်၊ မတိုးတက်ဘူးဆိုတာ လက်လီရောင်းတာကိုကြည့်ရင် သိနိုင်ပါတယ်။ လက်လီလို့ပြောရင် လက်လီဆိုင်တွေအနေနဲ့ အသေးစိတ်ကို သိဖို့လိုပါတယ်။ ဖောက်သည်လို့ခေါ်တဲ့ ဝယ်သူနဲ့တိုက်ရိုက်ထိတွေ့ရတဲ့အတွက် ဒီလူဘယ်သူလဲ၊ သူဘာတွေကြိုက်လဲ၊ သူ့ရဲ့အပြောအဆိုအနေအထိုင်ကို သိဖို့လိုပါတယ်။အရင် တစ်ချိန်ကတော့ လက်ကားကိုဦးစားပေးခဲ့ဖူးတယ်။ အခုဆို နိုင်ငံတကာဈေးကွက်မှာ အပြောင်းအလဲများစွာနဲ့ ဝင်ကြတော့ အခင်းအကျင်းကို ဂရုစိုက်ဦးစားပေးလာကြတယ်"ဟု စီးပွားရေးပညာရှင် ဦးတင်ဇံကျော်က ပြောပြသည်။

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းသည် မြန်မာနိုင်ငံ လက်လီရောင်းချသူများအားလုံး၏ တပေါင်းတစည်းတည်းသော သဘောထားကို ဖော်ထုတ်ရာနေရာဖြစ်ပြီး မြန်မာနိုင်ငံရှိ လက်လီရောင်းချရေးလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပြီး ရွေးချယ်မှုမှန်ကန်သောအသင်းတစ်ခုဖြစ်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌဒေါ်ခင်စန်းရီက ပြောပြသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံလူ့အခွင့်အရေး

**စောနိုင်(အသုံးချဘောဂဗေဒ)**

**ခွဲခြား၍ မရသော ဆက်စပ်မှု**

ရုတ်တရက်ကြည့်ပါက လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံရေးနှင့်သာ ဆက်စပ်နိုင်သည်ဟု ထင်စရာရှိသော်လည်း စေ့စေ့တွေးကြည့်မိပါက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အရေးအရာများအားလုံးနှင့် ခြေခြေမြစ်မြစ်အားဖြင့် ဆက်စပ်မှုရှိနေသည်ကို တွေ့ရှိရသည်။ ယနေ့ ၂၁ ရာစု ကမ္ဘာကြီးထဲတွင် လူ့အဖွဲ့အစည်းတစ်ရပ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအရှိန်မပျက်ရရှိရေးတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်မှုသည် အခြေခံအကျဆုံး ဖြစ်နေသည်။ ပညာရှင်များ၊ သုတေသီများကလည်း လူ့အခွင့်အရေးနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့၏ ဆက်စပ်မှုကို နည်းလမ်းအမျိုးမျိုး၊ ရှုထောင့်အသွယ်သွယ် လေ့လာမှုများပြုလုပ်လျက်ရှိနေကြသည်ဟု သိရသည်။

လူ့အဖွဲ့အစည်း တစ်ရပ်ဖွံ့ဖြိုးမှုအတွက် လူသားသည် အဓိကကျသော အင်အားစုဖြစ်ပြီး ထိုလူသားသည် သဘာဝပတ်ဝန်းကျင်ပေါ်တွင် မှီခိုရပ်တည်နေရ၏။ ဤအခြေအနေတွင် ဖွံ့ဖြိုးတိုးတက်မှု သဘောတရားနှင့် သဘာဝပတ်ဝန်းကျင် တည်မြဲမှုတို့သည် သဘာဝအားဖြင့်ပင်လျှင် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုရှိလာနေသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို အသုံးပြုနေသည်မှာ လူသားဖြစ်သဖြင့် လူ့အဖွဲ့အစည်း ရေရှည်ဖွံ့ဖြိုးမှုစီစဉ်ဆောင်ရွက်ရာတွင် လူသား၏ မွေးရာပါလူ့အခွင့်အရေးရရှိမှုမှာလည်း အရေးတကြီးစဉ်းစားရမည့်အရာ ဖြစ်လာသည်။

**အခြေခံလူ့အခွင့်အရေးမရှိ၊ ဖွံ့ဖြိုးမှုမရှိ**

လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် လူ့အဖွဲ့အစည်းရေရှည်ဖွံ့ဖြိုးမှုအတွက် အခြေခံကျသော လိုအပ်ချက်တစ်ရပ်ဖြစ်လာ၏။ လူတစ်ယောက်သည် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ နိုင်ငံရေးတွင် လွပ်လပ်စွာ ပါဝင်လုပ်ဆောင်နိုင်မှု စသည်ဖြင့် အခြေခံလူ့အခွင့်အရေးများရရှိမှုတို့တွင် ခြိမ်းခြောက်မှုများရှိလာနေပြီဆိုပါက ထိုလူ့အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နှောင့်နှေးမှုများ ရှိလာနေပြီဟု ကောက်ချက်ချရမည်သာဖြစ်သည်။

အခြေခံကျသော လူ့အခွင့်အရေးများသည် လူမှုရေးရာများ၊ စီးပွားရေးရာများ၊ သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် ဆက်စပ်မှုရှိသဖြင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးတွင် လူထုကပင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပတ်သက်မှု များစွာလိုအပ်လာသည်။ ထိုသို့အများပြည်သူလူထုပါဝင်ပတ်သက်နေသည့် အခြေအနေဖြစ်ထွန်းနေသည့်တိုင် ထိုလူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေး အခြေအနေကောင်းများဖြစ်ထွန်းနေပြီဟု တထစ်ချ ထင်မှတ်၍ မရနိုင်သေးပေ။ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိသော လုပ်ငန်းများနှင့် အများပြည်သူ၏ အခြေခံလူ့အခွင့်အရေးများကို လျစ်လျူရှုတတ်သော အစိုးရများဖြင့် ရပ်တည်နေရပါက ထိုကဲ့သို့ လူထုပါဝင်လှုပ်ရှားမှုရှိသည့် လူ့အဖွဲ့အစည်းအတွင်းမှာပင် အခြေခံလူ့အခွင့်အရေးချိုးဖောက်နိုင်မှုများ ရှိလာနိုင်သည်ဟု သတိရှိနေရမည်။

**စွန့်စွန့်စားစားဖြတ်သန်းကြရသူများ**

အချို့ဒေသများတွင် လုပ်ကိုင်နေကြသည့် သဘာဝသယံဇာတ အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခြင်းမပြုဘဲ စုပုံစွန့်ပစ်ကြသည်။ ထိုစွန့်ပစ်ပစ္စည်းများကြောင့် ထိုဒေသ၏ ရေ၊ မြေ၊ သစ်ပင်များသာမက သဘာဝသားရိုင်းတိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်များပါ ပျက်စီးလာကာ ထိုဒေသရှိသူများ၏ စားဝတ်နေရေးကိစ္စများတွင် ဘေးအန္တရာယ်မျိုးစုံ ရင်ဆိုင်ခံစားနေကြရတော့သည်။ ထိုအခြေအနေများ လျော့ပါးသက်သာစေရန် ထိုနယ်မြေဒေသတွင် မှီတင်းနေထိုင်သူများက ၎င်းတို့၏ လူ့အဖွဲ့အစည်း၊ ၎င်းတို့၏မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြေခံလူ့အခွင့်အရေးများ အကာအကွယ်ရရှိနိုင်ရန် ထိုလုပ်ငန်းမှ တာဝန်ရှိသူများကို သွားရောက်ပြောဆို ဆွေးနွေးခြင်း၊ သက်ဆိုင်ရာသို့ တိုင်တန်းမှုများ ပြုလုပ်သော်လည်း နိုင်ငံရေးအရ အခွင့်အာဏာမဲ့နေသူများဖြစ်သဖြင့် ထိရောက်မှု မရှိကြပေ။

တစ်ခါတစ်ရံ ထိုသို့ပြုလုပ်မိသဖြင့် ဖယ်ထုတ်ခံရခြင်း၊ တရားစွဲဆိုခံရခြင်းနှင့် နောက်ဆုံးအသက်အန္တရာယ်ကိုပါ ထိပါးနိုင်သည့် ခြိမ်းခြောက်မှုမျိုးကိုပါ ရင်ဆိုင်ကြရသည်။ ထိုကဲ့သို နယ်မြေဒေသများတွင် နေထိုင်သူများသည် လူ့အခွင့်အရေးရရှိရေးကိုပင် မဆိုထားနှင့်၊ အသက်ရှင်ရပ်တည်ရေးအတွက်ကိုပင်လျှင် စွန့်စွန့်စားစားရပ်တည်နေကြရသည့် အခြေအနေမျိုးဖြစ်နေသည်။ ထိုကဲ့သို့ ဖြစ်ရပ်များကို ဂွါတီမာလာ၊ မလေးရှား၊ အိန္ဒိယနိုင်ငံတို့တွင်သာမက နိုင်ငံကြီးများဖြစ်သည့် ကနေဒါနှင့် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အချို့မှာပင် တွေ့ရတတ်သည်ဟု လေ့လာသူများကဆိုသည်။ ဘရာဇီးနိုင်ငံဆိုလျှင် ဒေသခံအချို့သည် မိမိတို့နေထိုင်ရာဒေသနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ အခြေခံလူ့အခွင့်အရေး ရရှိစေရန် အားထုတ်ခြင်းတို့ကို စွန့်စွန့်စားစား လုပ်ကိုင်ကြရသည်။ အဆင်မသင့်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည်မှစ၍ နောက်ဆုံးအသက်ပင် ဆုံးရှုံးနိုင်သည့် အခြေအနေမျိုးထိပင် ရှိတတ်သည်။

**ထိလွယ်ရှလွယ်သောသူများ**

လူ့အဖွဲ့အစည်းတစ်ရပ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ ကာကွယ်စောင့်ရှောက်မှုတို့ ပြုလုပ်ရာတွင် အသားရောင်၊ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ လိင်အမျိုးအစား၊ လူမှုရေးအခြေအနေ၊ ဘဝရပ်တည်နိုင်စွမ်း စသည်ဖြင့် အမျိုးမျိုးသော ကွာခြားချက်များအရ အုပ်စုများအဖြစ် ခွဲခြားရှုမြင်၍ ခွဲခြား ဆက်ဆံခြင်း၊ မညီမမျှပြုမူဆက်ဆံခြင်းတို့ မပြုလုပ်မိစေရန်လိုသည်။ ထိုသို့ ပြုမူဆက်ဆံခြင်းသည် လူသားတစ်ဦးချင်း၏ ရရှိထိုက်သည့် အခြေခံလူ့အခွင့်အရေး ဆုံးရှုံးစေသည်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကပင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းထုတ်ပြန်၍ လက်ခံအသိအမှတ်ပြုထားသည်။

ကမ္ဘာပေါ်တွင် လူသားအဖြစ် မွေးဖွားလာသူအားလုံး တူညီသောအခြေအနေဖြင့် အခွင့်အရေးရရှိနိုင်ခွင့် ရှိရမည်သာဖြစ်သည်။ သို့သော် လူ့အခွင့်အရေးကိစ္စများတွင် အလေးထား ထည့်သွင်းစဉ်းစားပေးရမည့် ထိခိုက်လွယ်သော အုပ်စုများရှိသည်။ ထိုအုပ်စုများထဲတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပြင် ဘဝပေးအခြေအနေအရသော်လည်းကောင်း၊ ဆိုးရွားသော ဘဝအတွေ့အကြုံများကြောင့်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သော မသန်စွမ်းသူများ ပါဝင်သည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ မသန်စွမ်းသူများကို သာမန်လူများကဲ့သို့ သဘောမထားခြင်း၊ ခွဲခြားဆက်ဆံခြင်းမပြုသည့်အပြင် အထူးထည့်သွင်းစဉ်းစားပေးရမည့်အခြေအနေများပင် လိုအပ်သည်။ ထို့ကြောင့် ထိုအုပ်စုထဲမှ ဦးစွာသဘာဝအားဖြင့် အားနည်းသော အမျိုးသမီးများ၏ အခွင့်အရေးကို အသိအမှတ်ပြုခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် အနာဂတ်လူ့အဖွဲ့အစည်း တည်ဆောက်ရေးတွင် သော့ချက်ကျသည့် အနေအထားတွင်ရှိသည်။

အမျိုးသမီးများကဲ့သို့ပင် မသန်စွမ်းသူများအတွက်လည်း အထူးလိုအပ်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားပေးရန် လိုသကဲ့သို့ အခြားသော အရေးပါသည့် ကိစ္စများတွင် ပါဝင်စေခြင်းမျိုးကိုလည်း အားပေးသင့်သည်။ ဥပမာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲများတွင် မသန်စွမ်းသူများကိုပါ ဝင်ရောက်ဆွေးနွေးစေခြင်းများ ပြုလုပ်ပေးသင့်သည်။ မသန်စွမ်းသူများကိုလည်း အရေးကိစ္စအတော်များများတွင် မေ့ကျန်နေတတ်သည်။ အမှန်တွင် မသန်စွမ်းသူများသည်လည်း မသန်သည့်တိုင် ၎င်းတို့ကျွမ်းကျင်ရာသက်ဆိုင်ရာနယ်ပယ်တွင် စွမ်းနိုင်သူ လူသားများဖြစ်သည်။

ထို့ပြင် အချို့သော မသန်စွမ်းဖြစ်မှုများသည် သန်စွမ်းသူများ၏ ပယောဂကြောင့် ဖြစ်သည်ကို သတိပြုနိုင်သည်။ သန်စွမ်းသောသူများဖန်တီးသည့် စစ်ပွဲများ၊ နျူကလီးယား စမ်းသပ်ခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိခိုက်ဖျက်ဆီးစေတတ်သော လုပ်ဆောင်မှုများ၏ ဆိုးကျိုးရလဒ်များကြောင့် အချို့သော မသန်စွမ်းမှုများ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းမှုများအတွက် လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် တာဝန်များစွာရှိနေသည်ကို နားလည်သဘောပေါက်သင့်သည်။

ထို့ကြောင့် လူ့အခွင့်အရေး ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများကို ဆက်စပ်လေ့လာ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်အခါ မသန်စွမ်းသူများကို မည်သို့မျှ ဖယ်ချန်ထား၍ မဖြစ်နိုင်ပေ။

အနာဂတ် လူ့အဖွဲ့အစည်းအတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကလေးသူငယ်များသည်လည်း အချို့သော လူ့အဖွဲ့အစည်းများတွင် ဒုတိယဦးစားပေးအဆင့်၌သာ သဘောထား ပြုမူလျက်ရှိနေသည်။ ကလေးသူငယ်များအတွက် အခြေခံလူ့အခွင့်အရေးများ ပြည့်ဝစွာရရှိရေး အလေးထားမည်ဖြစ်သကဲ့သို့ လွတ်လပ်မှုအတွက်၊ တရားမျှတမှုအတွက်၊ အခွင့်အရေးကာကွယ်မှုအတွက် စွန့်စားလုပ်ကိုင်လိုစိတ်များရှိလာစေရန် ပျိုးထောင်ပေးရန် လိုအပ်သည်။ ကျန်းမာရေး၊ ပညာရေးတို့တွင် ပြည့်ဝသော အခွင့်အရေး ရရှိရန်လိုသကဲ့သို့ ကျန်းမာသောကလေးငယ်အဖြစ် အသက်ရှင်နေထိုင်နိုင်စွမ်းရှိရန်လည်း လိုသည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုသေချာရေး**

သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး အကြောင်းအရာများသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ အရေးပါသော အကြောင်းအရာများဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း အချေအတင် ငြင်းခုံဆွေးနွေးနေရဆဲ အကြောင်းများ ဖြစ်နေဆဲဖြစ်သည်။ လူသားသည် ကမ္ဘာကြီးနှင့် သဘာဝဝန်းကျင်ကိုမှီခိုသည်။ လူသား၏ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ခန့်ခွဲအသုံးချနိုင်မှု၊ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုတို့အပေါ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုက မူတည်နေပေသည်။ ထို့ကြောင့် ရေရှည်ဖွံ့ဖြိုးမှုသဘောတရားတွင် အဓိကကျသည့် လူသားများက ကိုယ်ပိုင်ရှိနေသည့် အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိမှု၊ ကာကွယ်စောင့်ရှောက်မှုရှိမှသာ ရေရှည်ဖွံ့ဖြိုးမှုကိုရရှိမည့် အနာဂတ်လူ့အဖွဲ့အစည်းကို ဦးတည်သွားနိုင်မည် ဖြစ်ပေသည်။ ။

---

## မန္တလေးဆောင်းအမှတ်တရ(၂) စုပေါင်းပန်းချီပြပွဲပြသ
## ရေဆေး၊ ဆီဆေး၊ အက်ခရိုင်းလစ်ပန်းချီကား ၁၆၀ကျော်ပါဝင်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးမြို့ရှိ ပန်းချီဆရာကြီးများ စုပေါင်းပြသသော မန္တလေးဆောင်းအမှတ်တရ-၂ စုပေါင်းပန်းချီပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်အနီးရှိ မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပရာ မန္တလေးပန်းချီပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း(သစ်ထွင်း)နှင့် ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းချီပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်အားပေးကြသည်။

မန္တလေးဆောင်းအမှတ်တရ-၂ စုပေါင်းပန်းချီပြပွဲတွင် မန္တလေးမြို့ရှိ ပန်းချီဆရာကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ မန္တလေးပန်းချီ၊ပန်းပုကျောင်းတို့မှ ဆရာ ဆရာမများ၊ မျိုးဆက်သစ်လူငယ်များ၏လက်ရာ ရေဆေး၊ ဆီဆေး၊ အက်ခရိုင်းလစ်လက်ရာမွန်ပန်းချီကား ၁၆၀ ကျော် ပြသထားသည်။

မန္တလေးတောင်သို့ လာရောက်ကြသော နိုင်ငံခြားသားများ၊ ပန်းချီစိတ်ဝင်စားသူများ လာရောက်ကြည့်ရှု အားပေးဝယ်ယူကြကြောင်း သိရသည်။ စုပေါင်းပန်းချီပြပွဲကို ဇန်နဝါရီ ၂၂ ရက် မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ အခမဲ့ပြသထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

OO



# လုံခြုံစိတ်ချရသော သွေးသွင်းကုသမှုများအား မြို့ကြီးများသာမက တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ ကျန်းမာရေးအား စောင့်ရှောက်မှုပေးရာတွင် ဓာတ်ခွဲခန်းသည် အရေးကြီးပါကြောင်း၊ ကျန်းမာရေးဌာနမှ ဓာတ်ခွဲခန်းများအတွက် လိုအပ်သော Equipments များနှင့် ဓာတ်ခွဲခန်းသုံး Reagents များဝယ်ယူရေးအတွက် ရန်ပုံငွေများ ခွင့်ပြုပေးခဲ့ပြီး အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုရရှိစေရန်နှင့် ရောဂါရှာဖွေရေးစက်ကိရိယာများ ပြည့်စုံစေရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသည် အမျိုးသားအဆင့်နှင့်အညီ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်ပါကြောင်း၊ အချို့ဓာတ်ခွဲစစ်ဆေးမှုများကို နိုင်ငံခြားသို့ သွားရောက်စစ်ဆေးရသည့်အတွက် ငွေကြေးကုန်ကျမှုများပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံခြားသို့ သွားရောက်စစ်ဆေးရမည့် ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်တွင်းတွင် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရန်စီစဉ်ရန် လိုအပ်ပါကြောင်းနှင့် ဇီဝလုံခြုံမှုအဆင့်မြင့် ဓာတ်ခွဲခန်းများအဖြစ် ဆောင်ရွက်ရန်မှာကြားပြီး ရောဂါရှာဖွေရေးဌာနနှင့် ဓာတ်ခွဲစစ်ဆေးသူ သင်တန်းကျောင်းရှိ လက်တွေ့ခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အမှတ်(၁၁) အရှေ့ဈေးလမ်း ဒဂုံမြို့နယ်ရှိ အဆောက်အအုံနှင့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အမျိုးသားသွေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုံခြုံစိတ်ချရသော သွေးသွင်းကုသမှုများကို မြို့ကြီးများတွင်သာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

**(ကြေးမုံ)**

# Second Officer ရေကြောင်းအရာရှိ ၁၃ ဦးအား မွေးထုတ်ပေးနိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၂၄**

Brilliance Maritime Training Center (BMTC) မှ Deck Office Class (3)အဆင့်ရှိ Second Officer ရေကြောင်းအရာရှိ ၁၃ ဦးအား မွေးထုတ်ပေးလိုက်ပြီဖြစ်ရာ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်၌ ကျင်းပခဲ့သည်။

BMTC ကျောင်းအုပ်ကြီး ကပ္ပတိန် မျိုးညွန့်က "တစ်နှစ်ကျော်ကာလအတွင်းမှာ ရေကြောင်းနဲ့ ပတ်သက်တဲ့ ရေးဖြေ၊ နှုတ်ဖြေ၊ Team Work တွေကို အလေးထားပြီး ကျောင်းမှန်မှန်တက်ခဲ့၊ ကြိုးစားခဲ့ကြလို့ အရည်အချင်းစစ်စာမေးပွဲမှာ တစ်ကြိမ်တည်းဖြေဆိုပြီး အောင်မြင်ခဲ့တာကို ဂုဏ်ယူခဲ့မိပါတယ်။ အခု Deck Office Class (3) ကို အောင်မြင်ပြီးတော့ သူတို့က Second Officer ဖြစ်ကြတော့မှာပါ၊ Chief Officer သင်တန်းများနဲ့ Master သင်တန်းတွေမှာ စာတွေ့ လက်တွေ့တွေကို ဆက်ပြီး ရင်ဆိုင်ကြရဦးမှာဖြစ်လို့ အမြဲကြိုးစားသွားဖို့ပဲလိုအပ်ပါတယ်"ဟု ပြောသည်။




သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဒုတိယကျောင်းအုပ်တို့က သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့သည်။**(အပေါ်ပုံ)** အဆိုပါသင်တန်းတွင် ရေကြောင်းသိပ္ပံကျောင်းဆင်း သင်တန်းသားများအနေဖြင့် ခုနစ်လခွဲ တက်ရောက်ရကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသားများအနေဖြင့် သတ်မှတ် sea service ရှိလျှင် ၁၀ လ တက်ရောက်ရကြောင်း သိရသည်။

သင်တန်းအောင်မြင်လျှင် လက်ရှိ ပြည်တွင်း၊ ပြည်ပပြေးဆွဲလျက်ရှိသော ပင်လယ်ကူးသင်္ဘောလိုင်းအသီးသီး၌ Second Officer အရာရှိငယ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် sea service ရယူကာ ပြည့်မီလျှင် Chief Mate သင်တန်း ခြောက်လဆက်တက်ပြီး Chief Officer အရာရှိအဖြစ် လိုက်ပါခွင့် ရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် sea service ရယူကာ Master သင်တန်းရောက်ပြီး ကပ္ပတိန်ရာထူး ရမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# မုံရွာကုန်စည်ဒိုင် အသင်းသားလျှောက်ထားခွင့်နည်းဥပဒေများကို ၂၀၁၅ ခုနှစ်တွင် အများဆန္ဒဖြင့် ချမှတ်နိုင်ခဲ့

**မုံရွာ ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ကုန်စည်ဒိုင်ဖြစ်သော မုံရွာကုန်စည်ဒိုင်အသင်းသားစိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကုန်စည်ဒိုင်မှတ်ပုံတင် အသင်းသားဦးရေ ၅၈၀ ကို စာရင်းပြုစုထားပြီး အသင်းသား လျှောက်ထားခွင့်နည်းဥပဒေများ ချမှတ်နိုင်ခဲ့ကြောင်း မုံရွာကုန်စည်ဒိုင်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူးဦးထွန်းထွန်းဦးထံမှ သိရသည်။

"မုံရွာကုန်စည်ဒိုင်မှာ ၂၀၁၅ ခုနှစ်အတွင်း အသင်းသားဆက်ခံပြောင်းလျှောက်ထားသူ ခုနစ်ဦး၊ အသင်းဝင်အမည်ပြောင်းလျှောက်ထားသူ ၁၃ ဦးနဲ့ နှစ်စဉ်ကြေးမသွင်းလို့ အသင်းကထုတ်တဲ့သူ ၁၁ ဦးတို့ကို စိစစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဋိပက္ခရေးရာကော်မတီအနေနဲ့ အသင်းသားအချင်းချင်းအရောင်းအဝယ်လုပ်လို့ ပြဿနာဖြစ်ပေါ်လာတဲ့တိုင်ကြားမှု ကိုးမှုထဲက ညှိနှိုင်းဖြေရှင်းမှု ရှစ်မှုဆောင်ရွက်ခဲ့ပြီး ပြေလည်တဲ့အမှု လေးခုညှိနှိုင်းဆဲ နှစ်ခုကျန်ရှိပါတယ်။ ဒါ့အပြင် အသင်းသားအချင်းချင်း အရောင်းအဝယ် ပြဿနာ ဖြေရှင်းပေးနိုင်ဖို့အတွက် ကုန်ရောင်းကုန်ဝယ်စည်းကမ်းတွေ မူဝါဒသစ်တွေကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်" ဟု ဦးထွန်းထွန်းဦးက ပြောပြသည်။

ကုန်သည်ပွဲစား စက်ပိုင်များ မဟာကထိန်တော်အသင်း မုံရွာကုန်စည်ဒိုင်၏ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက မုံရွာ ကုန်စည်ဒိုင်အပေါ်ထပ်ခန်းမတွင် ကျင်းပရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော မုံရွာကုန်စည်ဒိုင်အသင်းဝင်များ၏သား၊ သမီး ဂုဏ်ထူးရှင်များအား မဟာကထိန်တော်အသင်းမှ ဂုဏ်ပြုချီးမြှင့်သည်။ ထို့ပြင် မုံရွာကုန်စည်ဒိုင်အလုပ်အမှုဆောင်များက လက်ခံဆုံးဖြတ်ထားသော သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ အကြံပြုချက်များကို အတည်ပြုချက်ရယူခဲ့ပြီး ၂၀၁၄-၂၀၁၅ ကုန်စည်ဒိုင် အမှုဆောင်ဟောင်းများ နုတ်ထွက်၍ ၂၀၁၆-၂၀၁၇ ကုန်စည်ဒိုင်အမှုဆောင် အဖွဲ့သစ်ကို အတည်ပြုခဲ့ကြသည်။

၂၀၁၄-၂၀၁၅ မုံရွာကုန်စည်ဒိုင် အမှုဆောင်သက်တမ်းတွင် အမှုဆောင်လပတ်အစည်းအဝေး ၁၃ ကြိမ်၊ ရေးရာကော်မတီအစည်းအဝေး ၁၉ ကြိမ်၊ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး ၁၃ ကြိမ်၊ ပြင်ပအစည်းအဝေး ကိုးကြိမ်၊ သင်တန်းကြီးကြပ်ရေးကော်မတီအစည်းအဝေး နှစ်ကြိမ် စုစုပေါင်း ၅၆ ကြိမ် ကျင်းပခဲ့ကြောင်း မုံရွာကုန်စည်ဒိုင် ကုန်သည်ပွဲစား စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌ ဦးသိန်းဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မမှန်သတင်းများ ရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံအနှံ့အပြား၌ ကလေးများပျောက်ဆုံးသည်ဟူသော မဟုတ်မမှန်သတင်းများ ထွက်ပေါ်လျက်ရှိရာ အဆိုပါသတင်းများသည် မှန်ကန်မှုမရှိ ကောလာဟလများသာဖြစ်ကြောင်း ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ACE ဆောက်လုပ်ရေး ဝန်ထမ်းအိမ်ရာဝင်း၌ ပြုလုပ်ခဲ့သည်။

ယင်းရှင်းလင်းပွဲတွင် ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညီဝင်းနှင့် အမှတ်(၁)မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်ဌေးတို့က ရှင်းလင်းဟောပြောရာ ဒေသခံ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်ပြည်တစ်လွှား သတင်းများ

## စစ်တမ်းကောက်ယူမှု ကွင်းဆင်းဆောင်ရွက်

**ဟိုပန် ဇန်နဝါရီ ၂၄**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟိုပန်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းစာရင်းဝင် ၁၉ ရွာနှင့် စီမံကိန်းဝင်မဟုတ်သည့် ကျေးရွာနှစ်ရွာ စုစုပေါင်း ၂၁ ရွာကို ဦးစီးဌာနမှ ဝန်ထမ်းရှစ်ဦးဖြင့် ဇန်နဝါရီ ၁၈ ရက်တွင် နောင်မိုကျေးရွာမှ စတင်ပြီး စစ်တမ်းကောက်ယူလျက်ရှိသည်။

စစ်တမ်းကောက်ယူမှုကို ဟိုပန်ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းနှင့် မြို့နယ်ဦးစီးမှူးဦးမြသိန်းဝင်းတို့က ကြီးကြပ်၍ ကျေးရွာ ၂၁ ရွာအား ၁၇ ရက်ကြာ မြစိမ်းရောင် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၂၄**

မအူပင်ခရိုင် မအူပင်မြို့တွင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ဦးဆောင်သည့် ဝန်ထမ်းများသည် ရေမြောင်းများ၊ လျှပ်စစ်တိုင်များအနီးရှိ မလွတ်ကင်းသောအပင်များ၊ ချုံနွယ်များကို ရပ်ကွက်များအလိုက် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မော်ကျွန်းတွင် သစ်သားတိုင်အစား ကွန်ကရစ်တိုင်များလဲလှယ်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ပြည်သူများလျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ဆွေးမြည့်သစ်သားတိုင်များနှင့် ဆွေးမြည့်သံတိုင်များနေရာတွင် ကိုးမီတာကွန်ကရစ်တိုင် သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းကို ဇန်နဝါရီ ၂၂ ရက်မှစတင်၍ မြို့မရပ်ကွက်များတွင် လဲလှယ်ပေးလျက်ရှိသည်။

ယင်းကိုးမီတာကွန်ကရစ်တိုင်သံလက်တန်းများဖြင့် အသစ်လဲလှယ်ပေးရာတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်မှူး ဦးခင်အောင်နှင့် လျှပ်စစ်ဝန်ထမ်းများက မြို့ပေါ်ရှိ အမှတ် ၁၊ ၂၊ ၁၁ နှင့် ၁၂ ရပ်ကွက်တို့တွင် ဇန်နဝါရီ ၂၃ ရက်အထိ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်ပေါင်း ၅၇ တိုင်အား အသစ်လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

**(မော်ကျွန်းမြင့်အောင်)**

## ရမည်းသင်းတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ရမည်းသင်း ဇန်နဝါရီ ၂၄**

ရမည်းသင်းမြို့နယ်အတွင်း မွေးကင်းစမှ အသက်ငါးနှစ်အရွယ် ကလေးငယ်တိုင်းအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှစ၍ ရမည်းသင်းမြို့ပေါ်နှင့် ကျေးရွာများအလိုက် တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းသည် ကလေးငယ်များ မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများအနက် ကဒါကျေးရွာနှင့် မုနိုင်းကျေးရွာတို့တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများအား မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ ဒုတိယဦးစီးမှူးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာများသို့ကွင်းဆင်းပြီး လုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေးခြင်း၊ ကျေးရွာကော်မတီများ၏ ထိန်းသိမ်းထားရှိသည့် စာရင်းဇယားများကို ဇန်နဝါရီ ၂၁ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းသန့်(ခရိုင်ကျေးလက်)**

# အာနန္ဒာဘုရားပွဲတော်တွင် ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအနက် ပုဂံခေတ်အနုပညာလက်ရာအမြောက်ဆုံးအဖြစ်ထင်ရှားသည့် ကျန်စစ်သားမင်းကြီးကောင်းမှုတော် အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ်ပြာသိုလတွင် ကျင်းပပြုလုပ်မြဲဖြစ်ရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက်ကျင်းပလျက်ရှိပြီး အထူးသဖြင့် ဘုရားပွဲတော်ကာလ ဇန်နဝါရီ ၂၄ ရက်(ပြာသိုလပြည့်)နေ့တွင် သံဃာတော်များအား ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ ပြည်ပခရီးသွားဧည့်သည်များလာရောက်ကြ၍ ကြက်ပျံမကျစည်ကားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲသို့ ညောင်ဦးမြို့နယ်တစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူများသည် ဆွမ်းသပိတ်လုံး ကပ်လှူပူဇော်နိုင်ရန်အတွက် လပြည့်နေ့မတိုင်မီ လဆန်း ၁၀ ရက်၊ ၁၁ ရက်မှစတင်ကာ ၎င်းတို့၏ရွာမှ ဘုရားပွဲတော်ကြီးသို့ ပေါင်းမိုးလှည်းယာဉ်များဖြင့်စီတန်း၍ တညီတညွတ်လာရောက်ကြသည်မှာလည်း စိတ်ဝင်စားစရာ မြန်မာ့ရိုးရာဓလေ့တစ်ခုအဖြစ်ရှိနေပေသည်။ ထိုသဘာဝဓလေ့များကို ပြည်တွင်းဓာတ်ပုံပညာရှင်များ၊ ပြည်ပမှခရီးသွားဧည့်သည်နှင့် ဓာတ်ပုံပညာရှင်များသည် လက်လွတ်မခံဘဲ ယင်းလှည်းယာဉ်များအလာလမ်းနှင့် အပြန်လမ်းများတွင် အမိအရစောင့်၍ ဓာတ်ပုံများလာရောက်ရိုက်ကူးကြသည်ကို မြင်တွေ့ရသည်။ ပြာသိုလသည် အညာဒေသရှိ ကျေးရွာများ၏ ပဲဖော်ချိန်၊ နှမ်းဖော်ချိန်ဖြစ်၍ ဖော်ပြီးခါစ ဦးဦးဖျားဖျားသီးနှံများကို အာနန္ဒာဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲတွင် ဦးခိုက်၍ နှစ်စဉ်လာရောက် ဆက်ကပ်လှူဒါန်းကြရာ ဆန်သပိတ်လုံး၊ မြေပဲ၊ အသီးအနှံသပိတ်လုံးများနှင့်အတူ ငွေပဒေသာပင်ပုံစံအမျိုးမျိုးနှင့်အတူ မြင်တွေ့ရသည်။ ယင်းသပိတ်လုံးများနှင့် ငွေပဒေသာပင်များကို မြို့နယ်အတွင်းရှိ သံဃာတော်များအား စာရေးတံမဲစနစ်ဖြင့် ဆက်ကပ်လှူဒါန်းကြသည်ကို ကြည်နူးဖွယ်တွေ့မြင်ရသည်။ ထို့ပြင် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှု၊ အလှူအတန်းရက်ရောမှုကို ပြည်ပခရီးသွားဧည့်သည်များလာရောက်လေ့လာကြည့်ရှုကြကာ အံ့သြမှင်တက်ချီးကျူးကြရသည့် ပွဲတော်တစ်ခုလည်းဖြစ်ပေသည်။



အာနန္ဒာဘုရားကြီးမှာ ဂူဘုရားအမျိုးအစားဖြစ်ပြီး သက္ကရာဇ် ၄၅၂ခုနှစ်တွင် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံခေတ်အနုပညာလက်ရာများ အမြောက်အမြားရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစားလေ့လာရန် လာရောက်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်

**သထုံ ဇန်နဝါရီ ၂၄**

သထုံမြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ဆုချီးမြှင့်ခြင်းနှင့် မြို့နယ်ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုပေးပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်တွင် ကျင်းပသည်။

ဆက်လက်၍ (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုချီးမြှင့်ပွဲကို ကျင်းပရာ အထူးဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၂ ဦးအား မြို့နယ်သံဃနာယကအဖွဲ့မှ တာဝန်ရှိသူတို့က လည်းကောင်း၊ သထုံမြို့နယ်အတွင်းရှိ သင်တန်းဌာန ၂၈ ခုမှ ဖြေဆိုအောင်မြင်ကြသူများအတွက် ဆုနှင့်စာအောင်လက်မှတ်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူတို့ကလည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အိုင်စီတီနည်းပညာကိုအသုံးပြု၍ သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ICTနည်းပညာကို အသုံးပြု၍ သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုဆိုင်ရာများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အာဆီယံနိုင်ငံများ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး (ICT) နည်းပညာတီထွင်ဆန်းစစ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN IVO)၊ ဂျပန်နိုင်ငံအမျိုးသားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး သုတေသနသိပ္ပံ (National Information and Communication Technology Research Institute, NICT) တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲမှုများအတွက် ICT နည်းပညာ အသုံးချကူညီထောက်ပံ့မှုဆိုင်ရာ နည်းပညာနှီးနှောဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ Sedona ဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသူများကို အလျင်အမြန်ရှာဖွေကယ်တင် ကူညီဆောင်ရွက်နိုင်ရေးအတွက် ICT နည်းပညာကို အသုံးချ၍ ရှာဖွေခြင်း၊ တိကျမှန်ကန်သောတည်နေရာများကို တွက်ချက်ခြင်း၊ အရေးကြီး သတင်းအချက်အလက်များ၊ သတိပေးဆန်းစစ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေး၊ အိုးအိမ်ဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆန်းစစ်ခြင်း နည်းပညာအလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ပြီး များစွာအထောက်အကူပြု အကျိုးရှိမည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်သည်ဟု သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေးခဲ့ကြရာ ပထမပိုင်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး တုံ့ပြန်ကူညီဆောက်ရွက်မှုများတွင် ဆွေးနွေးသူလေးဦး ပါဝင်ခဲ့သည်။ ဒုတိယပိုင်းတွင် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများနှင့် မြေပုံအသုံးချခြင်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးသူလေးဦးမှ တင်ပြဆွေးနွေးခဲ့သည်။ တတိယပိုင်းတွင် ပထဝီဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာ အကြောင်းအရာများကို ဆွေးနွေးသူလေးဦးမှ တင်ပြဆွေးနွေးခဲ့သည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ NICT မှ တာဝန်ရှိသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် (MAEU)၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန် နည်းပညာတက္ကသိုလ်၊ မန္တလေး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်(မန္တလေး)၊ ကွန်ပျူတာ တက္ကသိုလ်(ပြည်)၊ ကွန်ပျူတာ တက္ကသိုလ်(ဘားအံ)၊ ကွန်ပျူတာ တက္ကသိုလ်(ဟသ်ာတ)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ALARM)၊ မလေးရှားသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (MUST) တို့မှ ပါမောက္ခများ၊ သုတေသနပညာရှင်များ ပါဝင်တက်ရောက်ပူးပေါင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ အဖွင့်အမှာစကားကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်နှင့် NICT နိုင်ငံတကာ ဆက်သွယ်ရေးဌာနမှ ဒါရိုက်တာ ဒေါက်တာအိုနိုရှိက ပြောကြားခဲ့ကြောင်း သိရသည်။

**(၀၀၁)**

○○○

# ကျေးလက်ဒေသရှိ တိုင်းရင်းသားပြည်သူများ ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတောင်း ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ကျိုင်းတောင်းမြို့နယ်အတွင်းရှိ လူသွားလာမှုနည်းပါးပြီး ပညာရေး၊ ကျန်းမာရေး အသိပညာကြွယ်ဝမှု နည်းပါးသော ကျေးလက်ဒေသဖြစ်သည့် နားပေါ့ကျေးရွာတွင် နေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူနှင့် ကလေးသူငယ်များကို ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာစည်သူဖေမြင့်နှင့် သူနာပြုများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်းပြီး ဆေးကုသပေးခြင်း၊ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများ ကွင်းဆင်းဟောပြောခဲ့သည်။

နားပေါ့ကျေးရွာဥက္ကဋ္ဌက "အခုလို ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရွာအထိ လာရောက်ဆေးကုသပေးတာ ကျေးဇူးတင်တယ်။ ရွာမှာက ကျန်းမာရေးဆိုင်ရာ ဗဟုသုတလည်း မရှိကြဘူးလေ။ ဆရာတို့လာရောက်ပြီး ဆေးဝါးဆိုင်ရာဗဟုသုတတွေ ရှင်းပြပေးတာ ကျေးရွာနေပြည်သူတွေအတွက် အလွန်ပဲအဖိုးတန်ပါတယ်"ဟု ပြောကြားခဲ့သည်။ အဆိုပါ နားပေါ့ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျိုင်းတောင်းမြို့နှင့် ၂၆ မိုင် ကွာဝေးကာ တောတောင်ထူထပ်သောကြောင့် ကားဖြင့်တောင်ပေါ်မြေလမ်းအတိုင်းသွားလျှင် သုံးနာရီခန့်ကြာမြင့်ကြောင်း သိရသည်။

**ကျိုင်းတောင်း(ပြန်/ဆက်)**

# တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းလုပ်ဆောင်သွားမည် သတင်းမီဒီယာများအနေဖြင့်လည်း အပြုသဘောဆောင်သည့် နှိုးဆော်ချက်များလုပ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မီဒီယာသည် တိုင်းပြည်အတွက် လွန်စွာအရေးကြီးကြောင်း၊ အထူးသဖြင့် တိုင်းပြည်တည်ဆောက်ရေးကာလတွင် ပိုမိုအရေးကြီးကြောင်း၊ နိုင်ငံတိုင်းတွင် တိုင်းပြည်တည်ဆောက်ရေးသည် ပြီးဆုံးသည်ဟူ၍ မရှိနိုင်သကဲ့သို့ မီဒီယာ၏ကဏ္ဍသည်လည်း ထာဝရရှိနေမည်ဖြစ်ကြောင်း၊ ကမ္ဘာတည်သရွေ့ မီဒီယာ၏လှုပ်ရှားမှုများ ရှိနေမည်ဖြစ်ကြောင်း၊ ထိရောက်သည့် လုပ်ဆောင်မှုများဖြင့် တိုင်းပြည်တည်ဆောက်ရေးအတွက် ပိုမိုတန်ဖိုးကြီးစေမည်ဖြစ်ကြောင်း၊ တပ်မတော်၏ကိုယ်စား သတင်းမီဒီယာကောင်စီအား ဂုဏ်ပြုကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များကိုတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဖေမြင့်နှင့် ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူး ဦးသီဟစောနှင့်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့များ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (မြဝတီ)

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတင်းမီဒီယာကောင်စီသည် ကျယ်ပြန့်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သတင်းမီဒီယာသည် တိုင်းသူပြည်သားများကို အသိပညာ၊ အတတ်ပညာများဖြန့်ဝေပေးသည့် ဌာနကြီးဖြစ်ကြောင်း၊ သတင်းမီဒီယာများမှ ဖတ်ရှုလေ့လာသိရှိရသည့် အသိပညာများ၊ မိဘဆရာနှင့် Elder များ၏ သွန်သင်ဆုံးမမှု၊ ထိန်းကျောင်းပဲ့ပြင်မှုများပေါင်းစပ်ပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ သတင်းမီဒီယာ၏တန်ဖိုးကို အလေးထားကြောင်း၊ မှန်မှန်ကန်ကန်ဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိရှိအသုံးချနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး အမြင်ချင်းမတူနိုင်သဖြင့် အချက်အလက်မှန်ကန်စွာဖြင့် မျှတသည့် သတင်းပေးခြင်းသည် ကောင်းမွန်ကြောင်း၊ မီဒီယာမှပေးသည့် သုတ၊ ရသများ၊ သတင်းများသည် ပြည်သူများအတွက် များစွာအထောက်အကူပြုကြောင်း၊ ပြည်သူများ စာဖတ်အားမကျအောင် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်၏ စွမ်းဆောင်ရည်မြင့်မားလာအောင် လုပ်ဆောင်ပေးရာတွင် တပ်မတော်သားတိုင်း ပညာရည်မြှင့်တင်ရေးကို လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ အလားတူ တိုင်းပြည်ပညာရည်မြင့်မားရေး၊ ပညာတတ်များပေါ်ထွက်လာရေးအတွက် မီဒီယာများကလည်း တွန်းအားပေးတိုက်တွန်းလုပ်ဆောင်စေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေချိန်ဖြစ်၍ ပြည်သူများ၏ ဒီမိုကရေစီကျင့်စဉ်များ၊ အသိပညာပေးမှုများပံ့ပိုးလုပ်ဆောင်ပေးပါက ကောင်းမွန်ပါကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအကြိုကာလတွင် လွတ်လပ်ပြီး တရားမျှတမှုရှိရမည်ဟု ပြောဆိုခဲ့ပြီး ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန်ကာလများတွင်လည်း ပြည်သူရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မယိမ်းမယိုင်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းလုပ်ဆောင်ခဲ့ကြောင်း၊ နောင်ပေါ်ပေါက်လာမည့် အစိုးရနှင့်လည်း တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးသည် သေရေးရှင်ရေးတမျှမရှိမဖြစ်အရေးကြီး လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ချိန်မှ သတ်မှတ်ကာလအတွင်း DDR /SSR လုပ်ငန်းစဉ်များ ပြီးပြတ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး Gentleman Agreement များကိုလည်း လိုက်နာစောင့်ထိန်းရန်လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မူဝါဒချမှတ်၍ တပ်မတော်၏ဆန္ဒဖြစ်သည့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအပိုင်းတွင်လည်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်တို့အား ကူညီလုပ်ဆောင်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့်လည်း အပြုသဘောဆောင်သည့် တိုက်တွန်းနှိုးဆော်ချက်များလုပ်ဆောင်ပေးရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သတင်းမီဒီယာကောင်စီအတွင်းရေးမှူးက သတင်းမီဒီယာကောင်စီ၏ ရပ်တည်လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြပြီး တပ်မတော်နှင့် သတင်းမီဒီယာများအကြား ကောင်းမွန်သည့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်ဆိုင်ရာ သတင်းရယူရေးကိစ္စရပ်များ ပိုမိုချောမွေ့အဆင်ပြေစေရေးနှင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို သတင်းမီဒီယာကောင်စီဝင်တစ်ဦးချင်းစီက ဆွေးနွေးကြသည်။ **(မြဝတီ)**

---

**✱ ကျော်ဖုံးမှ**

ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးဆက်ပေးခဲ့ရသည့် မကွေးအသင်းမှာ ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်ပိုင်းအမှားများနေ၍ အခွင့်အရေး အနည်းငယ်သာရခဲ့သည်။ ၇၉ မိနစ်တွင် အသင်းခေါင်းဆောင် ဒီဂျမ်က မကွေးအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း ချင်းယူနိုက်တက်အသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဇွဲကပင်အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ရခိုင်အသင်းအတွက် မျိုးဇော်ဦးက ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း ဇွဲကပင်အသင်းက နှစ်ဂိုးပြန်လည်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် ဂျပန်တိုက်စစ်မှူး ကင်မ်က ချေပဂိုးပြန်သွင်းယူခဲ့ပြီး အောင်မိုးက အနိုင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ကင်မ်နှင့် အောင်မိုးတို့မှာ သုံးပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၃)အပြီးတွင် ရတနာပုံ၊ ဟံသာဝတီနှင့် ဧယျာဝတီမြေအသင်းတို့က ခုနစ်မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံးနေရာတွင် ဦးဆောင်လျက်ရှိသည်။ ဇွဲကပင်အသင်းနှင့် မကွေးအသင်းတို့က ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ငါးမှတ်၊ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ Horizon အသင်းက သုံးမှတ်၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက တစ်မှတ်၊ ဧရာဝတီအသင်းနှင့် Southern အသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **(ရှိုင်းထက်ဇော်)**

---

**◆ လက်ရှိမှ**

(၂၇)ကြိမ်ဆက်တိုက် တက်လှမ်းလာခဲ့ခြင်းလည်း ဖြစ်သည်။

အသက်(၂၈)နှစ် အရွယ်ရှိ ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်လျက်ရှိသည့် ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီသည် အမျိုးသားတစ်ဦးချင်း (၁၆)ဦးအဆင့်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၉)နေရာရှိ ပြင်သစ်တင်းနစ်ကစားသမား ဂျိုဝီလ်ဖရီးဆွန်ဂါအား ၆-၄၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၌ ၂၀၀၈၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ နှင့် ၂၀၁၅ တို့တွင် ငါးကြိမ်၊ ပြင်သစ်အိုးပင်းပြိုင်ပွဲ၌ ၂၀၁၂၊ ၂၀၁၄ နှင့် ၂၀၁၅ တို့တွင် သုံးကြိမ်၊ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ၂၀၁၁၊ ၂၀၁၄ နှင့် ၂၀၁၅ တို့တွင် သုံးကြိမ်၊ အမေရိကန်အိုးပင်းပြိုင်ပွဲတွင် ၂၀၁၁ နှင့် ၂၀၁၅ တို့တွင် နှစ်ကြိမ်စသည်ဖြင့် နာမည်ကြီးတင်းနစ်ပြိုင်ပွဲများတွင် ဆုဖလားစုစုပေါင်း(၁၃)ကြိမ်အထိ ဆွတ်ခူးထားခဲ့သူဖြစ်သည်။ **(ငွေကြယ်)**

---

**❏ နှစ် ၃၀ မှ**

ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ပေ (၂၀ × ၃၀) တိုက်ခန်းတစ်ခန်းကို တစ်လလျှင် ငွေကျပ်သုံးသောင်း လစဉ်ပေးသွင်းကာ နှစ် ၃၀ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

လက်ငင်းစနစ်ဖြင့် ဝယ်ယူပါက တစ်ခန်းလျှင်ငွေကျပ် သိန်း ၈၀ ဖြစ်ပြီး အရစ်ကျစနစ်တွင် တစ်ဆင့်ပြန်လည် ရောင်းချလိုသူများအတွက် တစ်လုံးတစ်ခဲပေးချေပြီးမှ ရောင်းချခွင့်ရမည်ဖြစ်သည်။ ဘားအံမြို့ရှိ မြငွေကြွယ်လင်းကုမ္ပဏီက တာဝန်ယူရောင်းချပေးမည်ဖြစ်ပြီး ဝယ်ယူမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(သို့)လူမှုဖူလုံရေးကတ်ပြား ပြသရမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအား ၃၀ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းများအား ၄၀ ရာခိုင်နှုန်းနှင့် စက်မှုဇုန်လုပ်သားများအတွက် ၃၀ ရာခိုင်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအိမ်ရာစီမံကိန်းသည် ကရင်ပြည်နယ်တွင် ပထမဆုံးဆောင်ရွက်သည့် တန်ဖိုးမျှတအိမ်ရာ စီမံကိန်းဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်သော မြငွေကြွယ်လင်းကုမ္ပဏီနှင့် The Infrastructure of Myanmar ကုမ္ပဏီတာဝန်ခံများထံမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

---

# ဓမ္မစကူးသင်တန်း ကျောင်းကုန်းမြို့တွင် ဖွင့်လှစ်

**ကျောင်းကုန်း ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မိုးမခကျေးရွာအုပ်စု ကန်ဒေါင့်မူလတန်းကျောင်းတွင် ဓမ္မစကူးဖောင်ဒေးရှင်းက ဓမ္မစကူးသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်တွင် ရက်သတ္တ ၃၂ ပတ်မြောက် သင်ကြားပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဓမ္မစကူးလ်သင်တန်းတွင် ပထမတန်း ၄၂ ဦး၊ ဒုတိယတန်း ၄၁ ဦး၊ တတိယတန်း ၄၃ ဦး၊ စတုတ္ထတန်း ၄၁ ဦး၊ ပဉ္စမတန်း ၄၃ ဦး စုစုပေါင်း ၂၁၀ ရှိကြောင်း၊ မိုးမခကျေးရွာအုပ်စုအနီးအနားရွာများဖြစ်သော ကန်ဒေါင့်ရွာ၊ ကွင်းဝစုရွာ၊ ညောင်သာယာရွာ၊ ဖူတိုက်ရွာ၊ ပိန်းဂရက်လေးရွာတို့မှ လာရောက်သင်ကြားခြင်း ဖြစ်ကြောင်း၊ ကြောင်း ကန်ဒေါင့်ကျောင်းအုပ်အပတ်စဉ်တိုင်း အလှူရှင်များက အကျွေးအမွေးများဖြင့် လှူဒါန်း ဆရာကြီး ဦးလှထွန်းက ပြောသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

---

**ထူးခြားသည့် ညအပူချိန်များ**

| | | |
|---|---|---|
| ဟားခါး | -၂ | ဒီဂရီစင်တီဂရိတ် |
| ပလမ်း | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၅ | ဒီဂရီစင်တီဂရိတ် |
| ခန္တီး | ၅ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၆ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |

---

# ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

**မြိုင် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီမှစ၍ ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ထိ ကလေးငယ်တိုင်းအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ တိုက်ကျွေးကြရာ မြိုင်မြို့ပေါ်ရှိ ရပ်ကွက် ၁/၂/၃ မှ ကလေးငယ်ပေါင်း ၃၆၈ ဦးတို့အား ကာကွယ်ဆေး တိုက်ကျွေးကြကြောင်း သိရသည်။

**(အောင်ကျော်မြင့်)**

# သမိုင်းတွင်ခဲ့သည့် သမိုင်းဝင် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသူ့ရဲကောင်းများ

အားကစားသည် တိုက်ပွဲတစ်ခု မဟုတ်သော်လည်း နိုင်ငံတကာတွင် မိမိနိုင်ငံအလံကို ဝင့်ဝင့်ကြွားကြွား တလူလူလွင့်ပျံအောင် ဆောင်ရွက်နိုင်သည့် စွမ်းအားများရှိသည်။ အနိုင်မခံ အရှုံးမပေး တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်အနိုင်ယူခဲ့ပြီး ကမ္ဘာ့အလယ်၊ အာရှအလယ်၊ အရှေ့တောင်အာရှ နယ်ပယ်တွင် မြန်မာဆိုသည်ကို သိစေခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကြီးများကို သူရဲကောင်းများဟုလည်း တင်စားကြသည်။

ကြံ့ခိုင်သန်မာသော ဖွဲ့၊ စိတ်ဓာတ်တို့ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် အားကစားသမားကြီးများ၏ ဘဝသည်လည်း ကြမ်းတမ်းသလောက် အနုပညာဆန်လှသည်။ လွတ်လပ်ရေးမရမီခေတ်၊ မြန်မာနိုင်ငံဟု ကိုယ်စားမပြုနိုင်ခဲ့သည့် ခေတ်ကပင် အစပြု၍ ယနေ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီ အားယူလှမ်းနေသည့် ခေတ်ကာလထိတိုင် တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်နေကြသူ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများစွာ ပါဝင်သည့် ပထမအကြိမ် အသင်းဝင်များ စုံညီတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသော လက်ရွေးစင်အားကစားသမားဟောင်းများ၏ ရင်တွင်းစကားသံအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးနန္ဒကျော်စွာ (ရေကူး၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ)**

ဒီအဖွဲ့ကြီး ဖြစ်မြောက်ဖို့အတွက်နဲ့ ရုံးခန်းဖွင့်လှစ်ဖို့အတွက် အားကစားဝန်ကြီးဌာနက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီ အသင်းအဖွဲ့ဖြစ်တည်လာတဲ့အခါမှာ မည်သည့်ကိစ္စ၊ မည်သည့်အဖွဲ့ချုပ်ကိုမှ ကျော်လွှားလိုတဲ့စိတ် မရှိပါဘူး။ ကျွန်တော်တို့ အသင်းအဖွဲ့ စုစည်းခြင်းဟာ တကယ်တော့ ကျွန်တော်တို့ရဲ့ ရှေ့က ဆရာကြီးတွေ၊ ညီအစ်ကိုတော်တွေ၊ အစ်ကိုတွေ၊ အစ်မတွေက လက်ဆင့်ကမ်းပေးတဲ့အတိုင်းပဲ ကျွန်တော်တို့တွေဟာလည်း ပြန်လည်စုစည်းတဲ့အခါမှာ သက်ဆိုင်ရာ အားကစားနည်းအလိုက် အသင်းအဖွဲ့တွေလည်း ရှိပါတယ်။

ကျွန်တော်တို့ကတော့ အားကစားနည်းပေါင်းစုံရဲ့ လက်ရွေးစင်ဟောင်းများအသင်းဆိုပြီး စုစည်းလိုက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာ အားကစားနည်းတွေမှာ အကယ်၍များ အဖွဲ့ချုပ်တွေကသာ လိုအပ်လာခဲ့ရင်၊ အကူအညီတောင်းလာခဲ့ရင် ကျွန်တော်တို့ အားကစားသမားဟောင်းကြီးတွေက မိမိတို့ရဲ့ အတွေ့အကြုံတွေကို အရင်းခံပြီးတော့ လေ့လာထားတဲ့ နည်းပညာတွေ၊ နည်းစနစ်တွေ လက်ဆင့်ကမ်းပေးဖို့ ရည်ရွယ်ချက်ထားပါတယ်။ ဒါကြောင့်မို့ ဒီအဖွဲ့အစည်းကို ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။

**ဦးထွန်းမောင်(အလေးမ)**

ဒီနေ့ ပထမအကြိမ် လက်ရွေးစင်ကစားသမားဟောင်းကြီးများ တွေ့ဆုံပွဲကို တက်ရောက်လာတဲ့ ဧည့်သည်တော်တွေနဲ့ သမိုင်းတွင်တဲ့ သမိုင်းဝင် ကျွန်တော်တို့ အားကစားသမားလက်ရွေးစင် သူရဲကောင်းများ သက်ရှည်ကျန်းမာ စိတ်ချမ်းသာကြပါစေလို့ မင်္ဂလာဆုမွန်ကောင်းတောင်းပါတယ်။ ဒီနေ့ပွဲလေးမှာ တစ်ချိန်က သမိုင်းဝင် ဆုတံဆိပ်တွေနဲ့ ဓာတ်ပုံကို အားကစားဝန်ကြီးဌာနကို ပေးအပ် လှူဒါန်းခဲ့ပါတယ်။ နေပြည်တော် အားကစားပြတိုက်မှာ ပြထားပါမယ်။ နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့တဲ့၊ မြန်မာကို သိစေခဲ့တဲ့ လက်ရွေးစင် အားကစားသမားဟောင်းကြီးများကိုလည်း ကြည့်ရှုပေးပါလို့ ပြောချင်ပါတယ်။

**ဦးကျော်ခင် (ပြေးခုန်ပစ်၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဒု-ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်ကျင်းပတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ လက်ရွေးစင်ကစားသမားဟောင်းတွေ မီးရှူးတိုင်သယ်တာ ပါဝင်ရင်းနဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာကလည်း ရေကူးချန်ပီယံဖြစ်တော့ သူ့အိမ်မှာ လက်ရွေးစင် ကစားသမားဟောင်းတွေကို ညစာဖိတ်ကျွေးရင်းနဲ့ ဒီလိုအသင်းစတင်ဖွဲ့စည်းဖို့ ဖြစ်လာတာပါပဲ။ သာရေး၊ နာရေး၊ လူမှုရေးတွေအပြင် မြန်မာ့အားကစားလောက တိုးတက်အောင် လိုအပ်တဲ့နေရာက ပါဝင်ဖို့အတွက်ကိုလည်း ရည်ရွယ်ထားပါတယ်။

**ဒေါ်သူဇာတင်(ဘော်လီဘော၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဘဏ္ဍာရေးမှူး)**

ကျွန်မက ၁၉၆၅ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ရခဲ့ပါတယ်။ အဲဒီတုန်းက (၁၆)နှစ်ပဲ ရှိသေးတယ်။ ဘော်လီဘော အားကစားနဲ့ ရွှေ နှစ်ခု၊ ငွေတစ်ခုရခဲ့ပါတယ်။ ဒီနေ့ ပြုလုပ်တဲ့အသင်းက မြန်မာ့လက်ရွေးစင် အားကစားသမားအစုံ၊ အားကစားနည်းအစုံပါ။ ဘော်လီဘောကစားနည်းမှာဆိုရင် အရင်တုန်းက ကျွန်မတို့ခေတ်တုန်းက တိုးတက်တယ်ဆိုတာက နည်းစနစ်တွေကတော့ အတူတူပဲ။ အရပ်အမြင့်တွေကျတော့ ဟိုတုန်းက မြင့်တယ်။ နောက်ပိုင်း ကလေးတွေက အရပ်လေးတွေ နည်းနည်းလေး ပုလာတယ်။

ကျွန်မတို့ခေတ်တုန်းက ကိုယ့်ပိုက်ဆံနဲ့ကိုယ် အဖွဲ့ချုပ်က ၄၅ ကျပ် စိုက်ထုတ်တယ်။ ကျွန်မတို့က ၄၅ ကျပ် စိုက်တယ်။ အဲဒီလိုလုပ်ပြီး ချွေးတွေ၊ သွေးတွေနဲ့ရင်းပြီး ကစားခဲ့ရတယ်။ ဒီခေတ်ကလေးတွေက သူတို့လည်း ချွေးတွေ၊ သွေးတွေနဲ့ရင်းပြီး ကစားရတာပဲ။ ဘာကွာလဲဆိုတော့ နိုင်ငံပြင်ပကို ထွက်ကစားတာနဲ့ ပြည်တွင်းမှာ ပြိုင်ပွဲလုပ်တာ နည်းသွားတယ်။ အခုဟာက ပြိုင်ပွဲတအားနည်းသွားတယ်။ အမျိုးသားအားကစားပြိုင်ပွဲတွေ၊ ကျောင်းသားအားကစားပြိုင်ပွဲတွေ၊ Inter School Course တွေ မရှိတော့ဘူး။

ဒါလေးတွေကိုသာ ပြန်ပြီးဖော်ပေးမယ်ဆိုရင် ကျွန်မထင်တယ်။ ပြန်တိုးတက်လာမယ်လို့။ ပြိုင်ပွဲရှိမှပဲ တိုးတက်တယ်။ လက်ရွေးစင်ကစားသမားဟောင်းကြီး တွေဟာ အဖွဲ့ချုပ်တွေနဲ့ အလှမ်းဝေးနေတယ်။ ကစားသမားဟောင်းကြီးတွေဆီမှာ၊ ကစားသမားတိုင်းမှာ ပညာတွေရှိတယ်။ အဲဒီပညာတွေကို ကွင်းထဲကို ဝင်ပြီး သွားပြောဖို့အတွက် အခွင့်အရေးလေး လိုနေတယ်။ ဒါတွေကို လက်ဆင့်ကမ်းဆောင်ရွက်နိုင်မယ့် ဒီအသင်းကြီးကို ဖွဲ့စည်းဆောင်ရွက်တာ ဖြစ်ပါတယ်။

**ဒု-ရဲမှူး ကြည်ကြည်ဝေ (ဂျူဒို၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း တွဲဖက်အတွင်းရေးမှူး)**

ကျွန်မက ၁၉၈၅ ခုနှစ်ကနေ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ၁၉၈၇ ခုနှစ် အရှေ့တောင်အာရှ အားကစားပွဲမှာ ၅၂ ကီလိုတန်းမှာ ရွှေတံဆိပ်တစ်ခု ရခဲ့ပါတယ်။ ပြည်တွင်းပွဲတွေ အနေနဲ့ကတော့ ရွှေတံဆိပ်တွေ အများကြီးရခဲ့ပါတယ်။ ရဲတပ်ဖွဲ့ပေါင်းစုံ ဂျူဒိုပြိုင်ပွဲကိုလည်း နိုင်ငံခြားမှာ သွားပြိုင်ပြီး ရွှေတံဆိပ်တွေ ရခဲ့ပါတယ်။ လက်ရှိကတော့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အားကစားတာဝန်ခံ၊ အုပ်ချုပ်သူ၊ ဂျူဒိုတာဝန်ခံ နည်းပြချုပ် အနေနဲ့ကော ဒု-ရဲမှူးအနေနဲ့ပါ တာဝန်ထမ်းဆောင်နေပါတယ်။

ဒီအသင်းလေးကို ပထမ စတည်ထောင်မယ်ဆိုတော့ နည်းနည်းလေးနဲ့ အကျဉ်းချုံးပြီးလုပ်မယ်။ နောက် တဖြည်းဖြည်းနဲ့ ဝါသနာပါတဲ့သူတွေ စုစည်းပြီးတော့ အခုလိုဖြစ်လာတယ်။ အားကစားအဖွဲ့တွေ၊ ကစားသမားဟောင်းကြီးတွေက တော်တော်ချစ်ဖို့ကောင်းတယ်။ ဒီလိုဖွဲ့စည်းမယ်ဆိုတော့ ငွေရေးကြေးရေးကနေစပြီးတော့ ပံ့ပိုးပေးကြတယ်။ ကိုယ်တိုင် လူအားနဲ့ လာရောက်ပြီး ပါဝင်ကြတယ်။ အသက်အရွယ်တွေဟာ တချို့တော်တော်ကြီးရင့်နေကြပါပြီ။

ဒါပေမယ့် အလွန်ကို နုပျိုနေကြပါတယ်။ သူတို့တွေတောင် ဒီလိုလုပ်နိုင်ရင် ကျွန်မတို့လည်း အများကြီး လုပ်သင့်တယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေကိုလည်း လက်တွဲပြီး ခေါ်သင့်တယ်။ အစဉ်အလာကောင်းနဲ့ ဆက်လုပ်နိုင်ရင် ပိုကောင်းပါတယ်။ တချို့ဆိုရင်လည်း မရှိတော့ဘူး။ တချို့ဆိုရင်လည်း တုတ်ထောက်လေးနဲ့ ရအောင် လာတက်ကြတယ်။ အင်မတန်မှ နွေးထွေးပျော်ရွှင်စရာကောင်းပါတယ်။

**ဦးအေးမောင်ကြီး (ဘောလုံး၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း အဖွဲ့ဝင်)**

အားကစားသမားတွေ ကစားခဲ့တုန်းကတော့ အင်တိုက်အားတိုက် ကစားခဲ့ကြတာ နားလိုက်တဲ့အခါမှာတော့ အထီးကျန်ဖြစ်သွားရင်လည်း မကောင်းဘူး။ အဲဒါကြောင့်မို့ ဒီအဖွဲ့လေးကို ရအောင်လုပ်မယ်ဆိုပြီး စီစဉ်ကြတယ်။ လက်ရွေးစင်ဟောင်းကြီးတွေရဲ့ အတွေ့အကြုံများစွာနဲ့ အနာဂတ်မျိုးဆက်သစ်တွေကို လက်တွဲခေါ်သွားဖို့ဆိုတဲ့ အစီအစဉ်လေးတွေ ရှိပါတယ်။

တစ်ခုတော့ရှိတယ်။ အခုဆိုရင် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးက လိုလိုလားလားရှိတော့ နည်းစနစ်အကြံပေးဆိုပြီး အမျိုးသမီးအသင်းကို တတ်နိုင်တာလေး ဆောင်ရွက်ပေးနေတယ်။ တခြားတွေမှာလည်း ဒါမျိုးဖြစ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အတွေ့အကြုံတွေ၊ ဒီပညာတွေဆိုတာ ဘာနဲ့မှလဲလို့မရဘူးလေ။ ဖိတ်ခေါ်ရင် ဖြန့်ဝေပေးဖို့ အဆင်သင့်ပါပဲ။ ။

❑❑❑



ဦးနန္ဒကျော်စွာ



ဒေါ်သူဇာတင်



ဒု-ရဲမှူးကြည်ကြည်ဝေ



ဦးအေးမောင်ကြီး

သတင်း -ဆုနှင်းလဲ့
ဓာတ်ပုံ- ခင်မောင်ဝင်း (ကြေးမုံ)

# ကုန်စည်ပေါက်ဈေးများကို မုံရွာကုန်စည်ဒိုင်မှ နည်းလမ်းမျိုးစုံသုံး၍ ထုတ်ပြန်ပေးခြင်းကြောင့် ဒိုင်အသင်းဝင်များသာမက ကျေးလက်တောင်သူများပါ အကျိုးများစွာဖြစ်ထွန်းနေ

**မုံရွာ ဇန်နဝါရီ ၂၄**

မုံရွာကုန်စည်ဒိုင် ကုန်ပေါက်ဈေးနှုန်းကြီးကြပ်ရေးကော်မတီနှင့် သတင်းပြန်ကြားရေးကော်မတီတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေသော ကုန်စည်ပေါက်ဈေးများကို ကုန်စည်ဒိုင်ရောက်ကုန်သည်၊ စက်ပိုင် ပွဲစားများသာမက နယ်အသီးသီးမှ စိုက်ပျိုးရေးတောင်သူများပါ သိရှိအောင် ဆောင်ရွက်နိုင်သောကြောင့် ဒေသအတွင်းအပြင် ကုန်သွယ်ဆက်သွယ်မှု ပိုမိုမြန်ဆန်ကာ ယခင်ကကဲ့သို့ နယ်ဒေသနေသူများ အစစအရာရာ နောက်ကျမှုမရှိတော့ကြောင်း မုံရွာကုန်စည်ဒိုင်နှင့်ဆက်စပ်သူများထံမှ သိရသည်။

“ကုန်စည်ဒိုင်အတွင်း နေ့စဉ်အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းတွေကို အမှန်ကန်ဆုံးဖြစ်အောင် ကုန်ပေါက်ဈေးနှုန်းကြီးကြပ်ရေးကော်မတီက လေ့လာစုံစမ်းပြီးကြော်ငြာသင်ပုန်းပေါ်မှာ သတ်မှတ်ချိန်အမီ နေ့စဉ်တင်ပြပြီး သတင်းနဲ့ ပြန်ကြားရေးကော်မတီကိုပေးပို့တာပါ။ ဒါ့အပြင် တစ်နှစ်လုံးကုန်ဝင်၊ ကုန်ထွက်ခန့်မှန်းခြေစာရင်းကိုလည်း ပြုစုထားတဲ့အတွင်း တောင်းပြီးကြည့်နိုင်ပါတယ်”ဟု မုံရွာကုန်စည်ဒိုင်သို့ ကုန်လာသွင်းသူ မြောင်နယ်မှ တောင်သူတစ်ဦးက ပြောသည်။

သတင်းနှင့်ပြန်ကြားရေးကော်မတီအနေဖြင့် အသင်းသားများအတွက် ဈေးနှုန်းသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် မန္တလေးဈေးနှုန်းသတင်းများကို ကြော်ငြာသင်ပုန်းကပ်ပေးသလို မုံရွာကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ဖြစ်သော ဈေးနှုန်းများကို ဈေးနှုန်းစာရွက်ဖြန့်ပေးကာ အင်တာနက်မှတစ်ဆင့် ဈေးနှုန်းတင်ခြင်း၊ အလိုအလျောက်ဖြေကြားစက်ဖြင့် ဖြေကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် တောင်သူများသိရှိစေရန် ပတ္တမြားFMသို့ ဈေးနှုန်းများ နေ့စဉ်ပေးပို့ပေးလျက်ရှိသလို ကုန်စည်ဒိုင်အသင်းသားများကို ကုန်စည်ဒိုင်၏ ကြေညာချက်များ၊ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးလျက်ရှိကြောင်း သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးကြည်လှိုင်ထံမှ သိရသည်။

“ကုန်စည်ဒိုင်အသင်းကြီးရဲ့ လုပ်ရှားဆောင်ရွက်မှုအားလုံးကို မှတ်တမ်းတင်ထားရှိပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း သင်တန်းသုံးကြိမ်၊ ဆွေးနွေးပွဲ ခြောက်ကြိမ်၊ ပြပွဲတစ်ကြိမ်နဲ့ ဖုန်းမှတ်တမ်းထုတ်တာ၊ အသင်းဝင်ကတ်ပြားလဲလှယ်ပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်”ဟု ဦးကြည်လှိုင်က ပြောသည်။

မုံရွာကုန်စည်ဒိုင်အသင်းသားများ၏ ညီညွတ်မှုဖြင့်၂၀၁၅ခုနှစ်အတွင်း အပေါ်ထပ်အဆောက်အအုံကို အပြီးသတ်ဆောက်လုပ်ပြီး ကိုယ်ပိုင်ထရန်စဖော်မာကို တည်ဆောက်နိုင်ခဲ့ကာ အဲကွန်းများ တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။ အပေါ်ထပ်အဆောက်အအုံအတွက် ငွေကျပ် ၉၇၅ ဒသမ ဝ၄ သိန်း၊ အနောက်ဘက်လှေကားတည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၆၀ ခန့်၊ ကိုယ်ပိုင်ထရန်စဖော်မာတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၃၄ ဒသမ ၂၃ သိန်းနှင့် အဲကွန်းတပ်ဆင်ခြင်းအတွက် ငွေကျပ် ၈၅ ဒသမ ၇၇ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကုန်စည်ဒိုင်အဆောက်အအုံကြီး၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ အခြေခံလိုအပ်ချက် အထောက်အပံ့များအတွက် လိုအပ်သည်များကို အသင်းသားများက ဝိုင်းဝန်းလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

နည်းပညာသတင်း

# Apple မှ ဥရောပတွင် ပထမဦးဆုံးသော iOS Development Center အီတလီ၌ ဖွင့်လှစ်သွားမည်



Apple ကုမ္ပဏီသည် ဥရောပတိုက်တွင် ကျောင်းသားများနှင့် iOS apps ဖန်တီးရေးသားသူ Developers များအတွက် တီထွင်ဖန်တီးမှုရှိပြီး အမျိုးမျိုးအစားစားသော iOS apps များ ထုတ်လုပ်ဖန်တီးနိုင်ရန် ရည်ရွယ်လျက် လက်တွေ့ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် သင်တန်းများကို ထောက်ပံ့ကူညီပေးသွားမည့် ပထမဦးဆုံးသော iOS App Development Center ကို အီတလီ၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ iOS App Development Center အား နေပယ်လ်မြို့တွင် တွဲဖက်လုပ်ကိုင်မည့် အဖွဲ့အစည်းတစ်ခုနှင့် လက်တွဲကာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆရာများအတွက် အထူးပြုလုပ်ထားသော သင်ရိုးညွှန်းတမ်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကာ Apple ၏ developer အသိုက်အဝန်းသို့ဝင်ရောက်ရန် တာဆူနေသည့် ထောင်ပေါင်းများစွာသော developer များအတွက် ကူညီပံ့ပိုးမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် အီတလီနိုင်ငံတစ်ဝန်းလုံးရှိ developer များ မွေးထုတ်ပေးရာ သင်တန်းကျောင်းများနှင့် လက်တွဲကာ Apple မှရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများကို ပံ့ပိုးပြီး ကျောင်းသားများအတွက် ဖြည့်စွက်အခွင့်အလမ်းများစွာကို ထောက်ပံ့ပေးသွားမည်ဟုဆိုသည်။ Apple အနေဖြင့် ယခုအစီအစဉ်အား ကမ္ဘာတစ်လွှားရှိ အခြားသော နိုင်ငံများစွာသို့ ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဥရောပဟာ ကမ္ဘာပေါ်မှာ တီထွင်ဖန်တီးမှုအားကောင်းပြီး ထူးချွန်တဲ့ developer များ အခြေစိုက်ထွက်ရှိရာ ဘူမိနက်သန်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အီတလီမှာရှိတဲ့ မျိုးဆက်သစ်စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအတွက် လိုအပ်သော ကျွမ်းကျင်မှုအရည်အသွေးများကို ကူညီပံ့ပိုးပေးနိုင်တော့မှာ ဖြစ်တဲ့အတွက် အလွန်ရင်ခုန်နေမိပါတယ်"ဟု Apple ၏ CEO တင်မ်ကွတ်က ပြောကြားခဲ့သည်။

"App Store ရဲ့ သိသာထင်ရှားစွာ အောင်မြင်လာမှုက Apple အနေနဲ့ ဥရောပမှာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁ ဒသမ ၄ သန်းထက်မနည်း ဖန်တီးပေးနိုင်ခဲ့ခြင်းရဲ့ မောင်းနှင်အားတစ်ခုအဖြစ်ရှိနေခဲ့ပြီး လက်ရှိအနေအထားအရလည်း ဒီတိုက်အတွင်းမှာရှိတဲ့ အသက်အရွယ်ပေါင်းစုံသော လူများစွာနဲ့ အရွယ်အစားမျိုးစုံသော စီးပွားရေးလုပ်ငန်းများစွာအတွက် အကန့်အသတ်မဲ့သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Apple ၏ အဆိုအရ ၎င်းတို့၏ ထုတ်ကုန်များနဲ့ ဆက်စပ်ပတ်သက်သော ဂေဟာစနစ်အရ ဥရောပတစ်လွှား အလုပ်အကိုင်ပေါင်း ၁ ဒသမ ၄ သန်းထက်မနည်း ထောက်ပံ့ပေးနိုင်ခဲ့ပြီး အဆိုပါ အလုပ်အကိုင်များအနက် ၁ ဒသမ ၂ သန်းဟာ အပလီကေးရှင်းများဖန်တီးသည့် app development နှင့် ဆက်နွှယ်လျက်ရှိသော developer များ၊ ဆော့ဖ်ဝဲအင်ဂျင်နီယာများ၊ စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များနှင့် အိုင်တီနှင့်ပတ်သက်မှုမရှိသော အလုပ်သမားများဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ ခန့်မှန်းချက်များအရ App Store ဟာ အီတလီနိုင်ငံတစ်ခုတည်းမှာပင်လျှင် အလုပ်အကိုင်ပေါင်း ၇၅၀၀၀ ထက်မနည်း ဖန်တီးပေးနိုင်ခဲ့သည်ဟုဆိုသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် App များ၏ ရောင်းချရသည့် ဝင်ငွေပမာဏတွင် ယူရိုငွေ ၁၀ ဒသမ ၂ ဘီလီယံသည် ဥရောပအခြေစိုက် developer များမှထုတ်လုပ်ခဲ့သည့် App များရောင်းချရမှု၊ Apple ၏ထုတ်ပြန်ကြေညာမှုတွင် အီတလီအခြေစိုက် အောင်မြင်ကျော်ကြားသော App များနှင့် လုပ်ငန်းများကို ဥပမာပြခဲ့သည်။ အဆိုပါ အောင်မြင်မှုများတွင် လက်မှတ်အရောင်း App တစ်ခုဖြစ်သော Quarami နှင့် အသံပိုင်းဆိုင်ရာထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိသော IK Multimedia တို့ကို ညွှန်းဆိုခဲ့ကာ IK Multimedia အနေဖြင့် ၎င်းတို့၏ ပထမဦးဆုံးသော Apps ကို စတင်လွှင့်တင်သည့် ၂၀၀၉ ခုနှစ်မှစပြီး ယခုအချိန်အထိ Download သုံးစွဲမှုပေါင်း ၂၅ သန်းရှိသည်ဟုဆိုသည်။

အခြားသောအောင်မြင်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Musement အနေဖြင့်လည်း ၎င်းတို့၏ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ App ကို ၂၀၁၃ ခုနှစ်က စတင်ထုတ်လွှင့်ခဲ့ပြီး ယခုအခါတွင် ဘာသာစကားပေါင်း ခုနစ်မျိုးဖြင့် နိုင်ငံပေါင်း ၅၀ ကျော်ရှိ မြို့ကြီးပေါင်း ၃၀၀ တွင် အသုံးပြုနေပြီဖြစ်ကြောင်း ညွှန်းဆိုခဲ့သည်။

Apple အနေဖြင့် အခြားသောနိုင်ငံများစွာတွင်လည်း iOS App Development Centers များကို ဖွင့်လှစ်သွားမည်ဟု အစီအစဉ်များချမှတ်ထားပြီး မည်သည့်နေရာများနှင့် မည်သည့်အချိန်များတွင် ဖွင့်လှစ်သွားမည်ဟု သတ်မှတ်ထားခြင်းမရှိသေးကြောင်း သိရသည်။

**ငြိမ်းချမ်း (BE-IT)**

# သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက နည်းပညာအက်ပလီကေးရှင်းများ အသုံးပြု၍ အမြန်ဆုံးသိရှိနိုင်ရန် အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ICT Organization of ASEAN တို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဘေးအန္တရာယ်ကြုံတွေ့မှုများကို နည်းပညာအက်ပလီကေးရှင်းများ အသုံးပြု၍ မြန်ဆန်စွာသိရှိပြီး ထိရောက်စွာကာကွယ်ပေးနိုင်မည့် လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မိမိသက်သွင်က "NICT နဲ့ ကျွန်မတို့ ကွန်ပျူတာတက္ကသိုလ် MoU ထိုးထားတာ နှစ်နှစ်လောက်ရှိခဲ့ပါပြီ။ မနှစ်ကစပြီး သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး Geographical Information System ကို ဆောင်ရွက်ခဲ့တယ်။ ကျွန်မတို့နိုင်ငံက သဘာဝဘေးအန္တရာယ် ကြုံတွေ့ရလေ့ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး သုတေသနတွေ့ရှိချက်တွေကို ကျွန်မတို့သုတေသနဌာနတွေက လေ့လာလုပ်ဆောင်နေကြပါတယ်။ ဒီလုပ်ငန်းဟာ နည်းပညာအထောက်အပံ့နဲ့ ငွေကြေးအထောက်အပံ့လည်း လိုအပ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်တဲ့အခါ ရရှိလာတဲ့ရလဒ်က ကျွန်မတို့နိုင်ငံသာမက အာဆီယံနဲ့ ဂျပန်နိုင်ငံအတွက်ပါ အကျိုးရလဒ်ကောင်းတွေ ရရှိစေမှာဖြစ်ပါတယ်"ဟု အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်၍ ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်နိုင်ငံအပါအဝင် အိုင်စီတီနှင့် ပတ်သက်သော တက္ကသိုလ်၊ ကောလိပ်များ၊ နည်းပညာကျောင်းများပူးပေါင်းပြီး နည်းပညာနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်း ၁၄ စောင် ဖတ်ကြားသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံအခြေစိုက် နည်းပညာတက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ အာဆီယံဒေသတွင်းမှ နည်းပညာဆိုင်ရာကျွမ်းကျင်သူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ် ကြုံတွေ့မှုများဖြစ်ပွားပါက လက်လှမ်းမမီသော နေရာများတွင် ဒရုန်းအပါအဝင် ခေတ်မီနည်းပညာများဖြင့်အသုံးပြုကာ လိုအပ်သောသတင်းအချက်အလက်များပေး၍ အချိန်မီကူညီဆောင်ရွက်နိုင်ရန် အက်ပလီကေးရှင်းတစ်ခုကို အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါအက်ပလီကေးရှင်းကို ၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိတွင် သုတေသနလုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို မကြာခဏ ကျင်းပသွားမည်ဖြစ်ပြီး လာမည့်ဖေဖော်ဝါရီလအတွင်း လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရှမ်းပြည်နယ် ကလောမြို့တွင် ဒရုန်းနည်းပညာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ငါးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းဝင်းမော်)**

# စိုက်ပျိုးရေးနှင့် သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ဒီးမော့ဆို ဇန်နဝါရီ ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှုသင်တန်းအမှတ်စဉ် (၁၆/၂၀၁၆) ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံကျေးရွာအုပ်စု မြို့မကယန်းကျေးရွာမွေ့ရုံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှုကို စာတွေ့၊ လက်တွေ့ ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် သင်တန်းနည်းပြများအဖြစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးစိန်အောင်၊ လက်ထောက်ဦးစီးမှူး ဦးနေတိုးနှင့် ဦးစိန်ရွှေ၊ ဒု-လက်ထောက်ဦးစီးမှူး ဦးဟန်ဇော်ငြိမ်းတို့က သင်တန်းသား ၃၀ အား စိုက်ပျိုးရေးနှင့် သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှုနည်းပညာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဈေးကွက်သေချာနေသည့် CP အစေ့ထုတ်ပြောင်းစိုက်ပျိုးသူ တစ်နှစ်ထက်တစ်နှစ်များပြားလာ



**ရေစကြို ဇန်နဝါရီ ၂၄**

CP အစေ့ထုတ်ပြောင်းဈေးကွက်သည် တည်ငြိမ်မှုရှိပြီး ဈေးကွက်လည်း သေချာသည့်အတွက် ရေစကြိုမြို့နယ်တွင် CP အစေ့ထုတ်ပြောင်းကို စိုက်ပျိုးသူ တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိကြောင်း သိရသည်။

"CP အစေ့ထုတ်ပြောင်းက မြေသိပ်မရွေးသလို စိုက်ပျိုးရတာကလည်း လွယ်ကူတယ်။ သတ်မှတ်ထားတဲ့ သွင်းအားစုကို သတ်မှတ်ချိန်တွေမှာ အပြည့်အဝကျွေးပြီး ရေပေးနိုင်ရင် စိုက်ပျိုးဖြစ်ထွန်းတဲ့သီးနှံဖြစ်ပါတယ်။ ရောင်းချိန်ရောက်တော့လည်း ဈေးနှုန်းက အပြောင်းအလဲ၊ အတက်အကျ မများဘူး။ အမြင့်ဆုံးဈေးနှုန်းက အစေ့ထုတ်ပြောင်းတစ်တင်း ကျပ် ၉၀၀၀ ဝန်းကျင်ထိရှိတတ်ပြီး အနိမ့်ဆုံးဈေးနှုန်းက တစ်တင်း ကျပ် ၆၀၀၀ ဝန်းကျင်ရှိတဲ့အတွက် စိုက်ပျိုးသူတောင်သူတွေအနေနဲ့ အကျိုးအမြတ်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ ပြီးတော့ ပြည်တွင်းမှာ တိရစ္ဆာန်အစာထုတ်တဲ့အတွက် ပြည်တွင်းဈေးကွက်ရှိသလို အိမ်နီးချင်းနိုင်ငံတွေရဲ့ ဝယ်လက်လည်းရှိတဲ့အတွက် ဈေးကွက်လည်း သေချာတယ်။ ထိုက်သင့်တဲ့အကျိုးအမြတ်လည်းရှိတဲ့အတွက် စိုက်ပျိုးသူတွေ များလာတာဖြစ်ပါတယ်။ ကျွန်တော်တို့ သမန္တပို့ရွာဝန်းကျင်မှာဆိုရင် တချို့တောင်သူတွေက တစ်နှစ်ကို နှစ်ကြိမ်တောင်စိုက်ပျိုးကြတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြော သည်။

ယခုအခါ CP အစေ့ထုတ်ပြောင်းသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိသော သီးနှံဖြစ်ပြီး ဈေးနှုန်းမှာလည်း တောင်သူများ အကျိုးအမြတ်ရှိသော သီးနှံဖြစ်သည့်အတွက် ရေစကြိုမြို့နယ် ကျွန်းပိုင်းဒေသများတွင် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးသူများလာကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅ - ၁ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာ၀တ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၉)
၆း၂၅ ပြည်သူ့နီတိ "ငုပ်မိသဲတိုင်တက်နိုင်ဖျားရောက်"
၆း၄၅ ၀တ်စားဆင်ယင်မှုပြပွဲ
၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၇)
၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၆)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၅ "ချစ်သောဘာဘီ"
၉း၃၅ "စက္ကောမရဲ့မျက်လှည့်"
၁၀း၀၀ ASEAN Cultural Fair-2014
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်စိမ်းစိမ်း" (ရဲတိုက်၊ သဉ္ဇာနွယ်၀င်း၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ရဲဇော်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "လှုပြည်မှအပြန် သင်ဘာယူသွားမလဲ" (အပိုင်း-၁)တရားတော် [ဆရာတော်ဒေါက်တာ အရှင်ပညောဘာသ]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁)
၁၀း၁၀ ခေတ်သစ်ပျို့မေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ် စားမယ် (Arji Marr)
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်၀င်သူရွှေမျက်နှာ" (အပိုင်း-၄၃)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ"(အပိုင်း-၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၂)
၄း၀၀ Cartoon Series (English Playground)
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၃)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၅)
၈း၁၅ Drive It
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်၀င်သူရွှေမျက်နှာ" (အပိုင်း-၄၄)
၁၀း၄၅ MRTV-4 Stage
၁၁း၁၅ World of Knowledge (Curise Ship Diaries : Inspector On Board )

## MWD

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့် သူ၏ သီချင်းများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်၀င်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသံစဉ်ချိုနား၀င်
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂန္ထ၀င်မြောက်အမုန်း (အပိုင်း-၉၂)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရွှေရောင်သက်တံများ (အပိုင်း-၂၂)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
-မေးမြန်းစူးစမ်း
ယနေ့ညအတွက်မြ၀တီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဟိုတယ်ဘုရင်(အပိုင်း-၃)

## mitv

07:27 The Rising Glory Of Myanmar Arts
07:55 Wedding Planner "U Cho Gyi"
08:26 Living in Off-Season
08:39 Family of Toys
09:26 Amazing May Phoo Han
09:37 Herbal Medicine By Thurein (Aloe Vera)
10:26 Those Who Never Give Up (Ep-1)
Aung Thamar Di Gold Shop
10:51 Products of Myanmar - Bomboo Hat

**Prime Time**

07:27 Food Trip (Ep-10) (Part -1)
08:26 Taste Of Myanmar (Papaya Salad)
08:45 Aye Aye Soe: Myanma Pioneer Female Bodybuilder

# ချစ်သူများနေ့အတွက် စင်ကာပူမှာ ဖျော်ဖြေသွားမယ့် "CNBLUE"



တောင်ကိုရီးယားရဲ့ နာမည်ကျော်ပေါ့ပ်ရော့ခ်တေး ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " CNBLUE "ဟာ လာမယ့်ချစ်သူများနေ့အတွက် အထိမ်းအမှတ်ဖျော်ဖြေပွဲတစ်ခုကို စင်ကာပူနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကေပေါ့ပ်စတားဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းဖျော်ဖြေပွဲဟာ ၂၀၁၅ အောက်တိုဘာလအတွင်းက စတင်ခဲ့တဲ့ "CNBLUE"ရဲ့ အာရှဒေသတွင်းနယ်လှည့်ဖျော်ဖြေပွဲ "Come Together" ရဲ့ ဖျော်ဖြေရေးပွဲစဉ်တွေထဲက တစ်ခုဖြစ်ပါတယ်။ အဆိုပါနယ်လှည့်ဖျော်ဖြေရေးပွဲစဉ်တွေဟာ အဖွဲ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်ဖြစ်တဲ့ "2gether" အတွက် ရည်ရွယ်ပြုလုပ်တဲ့ပွဲတွေလည်း ဖြစ်ပါတယ်။ အခုလို စင်ကာပူနိုင်ငံမှာ ဖျော်ဖြေမယ့်ပွဲစဉ်ဟာ အဆိုပါနယ်လှည့်ဖျော်ဖြေပွဲရဲ့ ပဥ္စမမြောက်ဖျော်ဖြေပွဲဖြစ်ကာ ဖေဖော်၀ါရီ ၁၃ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်း သိရပါတယ်။

"CNBLUE"ဟာ ယင်းဖျော်ဖြေပွဲတွေကို ရှန်ဟိုင်းမှာ စတင်ဖျော်ဖြေခဲ့တာပါ။ အဲဒီနောက် တောင်ကိုရီးယားနိုင်ငံတွင်းနဲ့ ထိုင်းနိုင်ငံတို့မှာလည်း ဖျော်ဖြေပွဲတွေပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ဆုံးဖျော်ဖြေပွဲကျင်းပခဲ့တဲ့နိုင်ငံကတော့ ထိုင်းနိုင်ငံပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဇန်နဝါရီ ၂၃ ရက်က နှစ်နာရီကြာကျင်းပခဲ့တဲ့ ယင်းဖျော်ဖြေရေးခရီးစဉ်ရဲ့ပွဲမှာ "CNBLUE" က သူတို့အဖွဲ့ရဲ့ ကျော်ကြားတဲ့တေးသီချင်းတွေဖြစ်ကြတဲ့ "I'm a Loner"နဲ့ "Lovelight" ကဲ့သို့သော တေးသီချင်းတွေအပါအ၀င် တေးသီချင်းပေါင်း ၂၁ပုဒ်ခန့်ကို သီဆိုဖျော်ဖြေခဲ့ပါတယ်။ ထို့ပြင် အဆိုပါဖျော်ဖြေပွဲမှာ အဖွဲ့ရဲ့ ဂျပန်တေးအယ်လ်ဘမ်"White"မှ တေးသီချင်းများဖြင့်လည်း ဖျော်ဖြေခဲ့ပါတယ်။

၂၀၀၉ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ "CNBLUE"မှာ ပါ၀င်တဲ့အဖွဲ့၀င်တွေကတော့ ဂီတာပညာရှင်နဲ့တေးဆို ဂျန်ယွန်ဟွာ၊ လိဂ်ဂစ်တာတီးသူနဲ့ တေးဆို လီဂျွန်ဟွန်၊ ဘေ့စ်ဂစ်တာတီးသူနဲ့ တေးဆို လီဂျန်ရှင်နဲ့ ဒရမ်တီးသူနဲ့ တေးဆို ကန်မင်ဟွတ်ခ်တို့ပဲ ဖြစ်ကြပါတယ်။


အေးပြည့် - ရေးသားသည်

## "Thor: Ragnarok"တွင် အမျိုးသမီးဗီလိန်တစ်ဦး ပါ၀င်လာမည်ဟု သတင်းများထွက်ပေါ်နေ

ဟောလိ၀ုဒ်ရဲ့ အအောင်မြင်ဆုံးသော လူစွမ်းကောင်းရုပ်ရှင်တွေထဲက တစ်ခုဖြစ်တဲ့ "Thor: Ragnarok" တွင် စွမ်းအားရှင်အမျိုးသမီးဗီလိန်တစ်ဦး ပါ၀င်လာနိုင်ဖွယ်ရှိကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါစွမ်းအားရှင် အမျိုးသမီးဗီလိန်နေရာတွင် မင်းသမီးကိတ်ထ်ဘလန်းချက်ထ်က ပါ၀င်သရုပ်ဆောင်နိုင်ဖွယ် ရှိကြောင်းလည်း သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ်သည် "Thor"ရုပ်ရှင်ဇာတ်လမ်းတွဲများ၏ တတိယမြောက် ရုပ်ရှင်ဖြစ်ကာ ဒါရိုက်တာ တိုင်ကာ၀ိတ်တီတီကတာ၀န်ယူရိုက်ကူးပေးသွားမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်မှာ မင်းသားတွမ်ဟစ်ဒဲလ်စတန်က လူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ "လိုကီ" အဖြစ် ပြန်လည်ပါ၀င်လာမည်ဖြစ်ကာ အမေရိကန်နိုင်ငံတစ်၀န်းတွင် ၂၀၁၇ ခုနှစ် နို၀င်ဘာ ၃ ရက်မှ စတင်ကာ အဆိုပါရုပ်ရှင်ကို စတင်ရုံတင်ပြသသွားမှာ ဖြစ်ကြောင်း သိရပါတယ်။





## "The Mummy"ရုပ်ရှင်သစ်တွင် တွမ်ခရုးစ် ပါ၀င်သရုပ်ဆောင်မည်

ဟောလိ၀ုဒ်၏ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ တွမ်ခရုးစ်သည် ယူနီဗာဆယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် ရုပ်ရှင်သစ် "The Mummy"တွင် ပါ၀င်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယူပီအိုင်ဒေ့ါကွန်းက အတည်ပြုပြောကြားခဲ့သည်။

အသက် (၅၃)နှစ်အရွယ် မင်းသားကြီးတွမ်ခရုးစ်သည် ယင်းရုပ်ရှင်တွင် အယ်လ်ဂျီးရီးယား-ပြင်သစ်လူမျိုး မင်းသမီး ဆိုဖီယာဘွတ်တဲလ်လာနှင့်အတူ တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်းရုပ်ရှင်ကို ၂၀၁၇ ခုနှစ် ဇွန် ၉ရက်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းလည်း ယူနီဗာဆယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ပြန်ခဲ့သည်။

"The Mummy"ရုပ်ရှင်၏ မူလရုပ်ရှင်ကို ၁၉၃၂ ခုနှစ်တွင် စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ကာ ယင်းနောက်တွင် အဆိုပါရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသည့်ရုပ်ရှင်ဇာတ်ကားပေါင်း ကိုးကားခန့် ထွက်ရှိခဲ့ပြီးဖြစ်သည်။ ၁၉၉၉ခုနှစ်က ဒါရိုက်တာ စတီဖင်စွန်းမားစ်ရိုက်ကူးခဲ့သော "Mummy"ရုပ်ရှင်သည် ၀င်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ရရှိခဲ့သည့် ၀င်ငွေကောင်းသော ရုပ်ရှင်တစ်ခုဖြစ်ခဲ့သည်။ ရတနာသိုက်ရှာဖွေသူတို့၏ စွန့်စားခန်းများအကြောင်း ရိုက်ကူးထားသည့် သည်းထိတ်ရင်ဖိုရုပ်ရှင် "Mummy"ကို ယခုတစ်ကြိမ်တွင်လည်း အသွင်သစ်ဖြင့် ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။

## မျိုးဆက်သစ်အနုပညာရှင်တွေအတွက် အကြံဉာဏ်တွေပေးလိုက်တဲ့ ပါ့ခ်ရှင်ဟေး



တောင်ကိုရီးယားရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှ အောင်မြင်တဲ့ထိပ်တန်းအနုပညာရှင်တစ်ဦးအဖြစ် တက်လှမ်းနိုင်ခဲ့တဲ့ အနုပညာရှင်တွေထဲကတစ်ဦးဖြစ်တဲ့ ပါ့ခ်ရှင်ဟေးဟာ ဇန်နဝါရီ ၂၃ ရက်တွင် အန်တာတိန်းမန့်၀ိခ်ကလီးနဲ့ ပြုလုပ်ခဲ့တဲ့အစီအစဉ်တစ်ခုမှာ မျိုးဆက်သစ်အနုပညာရှင်တွေအတွက် အကြံဉာဏ်တွေပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်းသမီးက မျိုးဆက်သစ်အနုပညာရှင်တွေကို ကိုယ့်ဘ၀ကို ကိုယ်တိုင်ကျေနပ်နှစ်သက်ဖို့လိုကြောင်း၊ သူ့အနေနဲ့ ဆယ်ကျော်သက်အရွယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ခံစားချက်၊ အဲဒီခံစားချက်တွေကြောင့် ဖြစ်ပေါ်လာရတဲ့ ကိုယ့်ရဲ့ဆုံးဖြတ်ချက်တွေအတိုင်း အသက် ၂၀ ၊ ၃၀ အရွယ်တွေကို ဖြတ်သန်းရတာဖြစ်တယ်လို့ ခံစားရကြောင်းနဲ့ ဆယ်ကျော်သက်အရွယ်မှာ သူငယ်ချင်းတွေ၊ မိဘတွေနဲ့ ရင်းရင်းနှီးနှီးနေထိုင်ဖို့လည်း လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

ပါ့ခ်ရှင်ဟေးဟာ အသက် (၁၃)နှစ်အရွယ်မှာ အနုပညာလောကထဲကို စတင်၀င်ရောက်ခဲ့သူပါ။ သူ့ရဲ့ပထမဦးဆုံးသောရုပ်သံဇာတ်လမ်းတွဲကတော့ မြန်မာပရိသတ်များအထူးအားပေးခဲ့တဲ့ရုပ်ရှင်တစ်ခုဖြစ်တဲ့ "အချစ်လှေကားထစ်လေးများ"ပဲ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ပါ့ခ်ရှင်ဟေးဟာ ခေါင်းဆောင်မင်းသမီး ချွိုင်ဂျီ၀ူးရဲ့ ငယ်ဘ၀ကိုသရုပ်ဆောင်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ပြီးနောက် ပါ့ခ်ရှင်ဟေးဟာ ခေါင်းဆောင်မင်းသမီးအဖြစ် ဒရမ်မာရုပ်ရှင်တွေရိုက်ကူးလာခဲ့ပြီး လတ်တလောမှာလည်း သူဟာ ထိပ်တန်းသရုပ်ဆောင်တစ်ဦးအဖြစ်သာမက တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့မော်ဒယ်လ်တစ်ဦးအဖြစ်ပါ ရပ်တည်နေပါတယ်။

# ဩစတြေးလျအိုးပင်း လက်ရှိချန်ပီယံ ဆရီနာဝီလျံနှင့် မာရီယာရှာရာပိုဗာတို့ ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံယှဉ်ပြိုင်ရမည်

ဇန်နဝါရီ ၁၈ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိတဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံလည်းဖြစ် ဦးစားပေးအဆင့်(၁) သတ်မှတ်ခံရသူလည်းဖြစ်သူ အမေရိကန်တင်းနစ်မယ်ဆရီနာဝီလျံနဲ့ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာတို့ နှစ်ဦးဟာ ကွာတားဖိုင်နယ်အဆင့်မှာပင် တွေ့ဆုံကြရတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲမှာလည်း သူတို့နှစ်ဦးတွေ့ဆုံခဲ့ကြသေးပြီး ဆရီနာဝီလျံကသာ အနိုင်ယူဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ဆရီနာဝီလျံက လက်ရှိကမ္ဘာ့အဆင့်(၁)ကစားသမား ဖြစ်တာနဲ့အညီ စတုတ္ထအဆင့် ပွဲစဉ်မှာလည်း ပြိုင်ဘက်တင်းနစ်မယ် ဂတ်စ္စပါရန်ကို ၅၅ မိနစ်အတွင်း ၆-၂၊ ၆-၁နဲ့ နှစ်ပွဲပြတ်အနိုင်ကစားပြီး ကွာတားဖိုင်နယ်အဆင့်ကို အလွယ်တကူပဲ တက်ရောက်လာနိုင်ခဲ့ပါတယ်။ မာရီယာရှာရာပိုဗာကတော့ ဆွစ်တင်းနစ်မယ်ဘလင်ဒါဘန်ဆစ်ကို အကြိတ်အနယ်ကစားပြီး ၇-၅၊ ၇-၅ နဲ့ အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတာဖြစ်ပါတယ်။

သူတို့နှစ်ဦးနောက်ဆုံးတွေ့ဆုံခဲ့တဲ့ (၁၇)ကြိမ်လုံးမှာ ဆရီနာဝီလျံကပဲ အကြိမ်တိုင်းအနိုင်ယူထားနိုင်ခဲ့ပါတယ်။ ဝီလျံက ၂၀၀၄ ခုနှစ် လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့တဲ့ Tour Championships ပွဲစဉ်ကတည်းက ရှာရာပိုဗာကို မရှုံးအောင်ကစားနိုင်ခဲ့တာကြောင့် ရှာရာပိုဗာဟာ ဆရီနာကို အနိုင်မရရှိခဲ့တာ





၁၀စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦး နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၁၅ ခုနှစ် ဝင်ဘယ်လ်ဒန်အိုးပင်း အကြိုဗိုလ်လုပွဲအဆင့်ပွဲစဉ်မှာဖြစ်ပြီး အဲဒီပွဲစဉ်မှာလည်း ဝီလျံကပဲ ၆-၄၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ရှာရာပိုဗာက လက်ရှိ ကမ္ဘာ့အဆင့်(၅)နေရာမှာ ရပ်တည်နေသူဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမှုအကြိမ်(၂၀)မှာ ဝီလျံကို နှစ်ကြိမ်သာပြန်လည် အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အသက်အရွယ်အားဖြင့် ခြောက်နှစ်တောင်ကွာဟတာကြောင့် ဝီလျံအနေနဲ့ ပြိုင်ပွဲယှဉ်ပြိုင်ချိန်ကြာမြင့်ခဲ့မယ်ဆိုရင် ရှာရာပိုဗာရဲ့ နောက်ကောက်ချခံရနိုင်ပါတယ်။ တွေ့ဆုံခဲ့တဲ့ မှတ်တမ်းတွေအရတော့ ဆရီနာဝီလျံရဲ့ပွဲကို လျင်လျင်မြန်မြန်ဖြတ်နိုင်တဲ့ သမ္မာကြောင့် ရှာရာပိုဗာသာ အမြဲတမ်း အရှုံးသမားဖြစ်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရရော လက်ရှိလက်စွမ်းအရပါ ဆရီနာဝီလျံကသာ ရှာရာပိုဗာထက် အစစအရာရာ သာလွန်နေတာကြောင့် ယခုပွဲမှာလည်း ဆရီနာကသာ ရှာရာပိုဗာကို ကျော်ဖြတ်ပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ဖို့ အလားအလာကောင်းနေပါတယ်။ ဒါပေမယ့် ရှာရာပိုဗာကတော့ သူ့အနေနဲ့ တွေ့ဆုံခဲ့တဲ့ မှတ်တမ်းတွေကို စိတ်မဝင်စားဘဲ လက်ရှိယှဉ်ပြိုင်နေတဲ့ တစ်ပွဲချင်းကိုပဲ အကောင်းဆုံးပုံစံနဲ့ ချဉ်းကပ်သွားမယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

အမျိုးသားတစ်ဦးချင်းပွဲစဉ်မှာတော့ ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီက ပြင်သစ်ကစားသမား ဆွန်ဂါကို ၆-၄၊ ၆-၂၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်သွားခဲ့ပြီဖြစ်ပါတယ်။

**မေလှဲ့သင်း**

## ဂွန်စတုန်းအား ခေါ်ယူရန် ဘာစီလိုနာ၊ ရီးယဲလ်၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ အပြိုင်ကြိုးပမ်းနေ

အဲဗာတန်အသင်းမှ အင်္ဂလန်လူငယ်ကစားသမား တစ်ဦးဖြစ်သည့် ဂွန်စတုန်းအားခေါ်ယူရန် စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိအသင်းနှစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့အပါအဝင် အင်္ဂလန်ပရီမီယာလိဂ်မှ မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အဲဗာတန်အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ချယ်လ်ဆီးအသင်း၏ ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းလာမှုကို သုံးကြိမ်တိုင်တိုင်ငြင်းဆိုခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကပါ ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘင်နီတက်ဇ်ရှိစဉ်က ဂွန်စတုန်းအား ခေါ်ယူရန်စိတ်ဝင်စားခဲ့သော်လည်း လက်ရှိဘင်နီတက်ဇ်မရှိတော့သည့်အချိန်တွင်လည်း ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်း၏ လာလီဂါပြိုင်ဘက်ဖြစ်သည့် ဘာစီလိုနာအသင်းကလည်း ဂွန်စတုန်းအား ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

မန်စီးတီးအသင်းသည်လည်း မန်ဂါလာနှင့် အော့တမန်ဒီတို့မှာ မကြာခဏဆိုသလို ဒဏ်ရာပြဿနာကြုံတွေ့နေခဲ့ခြင်းကြောင့် နောက်တန်း ခံစစ်ကြောင်းအတွက် ဂွန်စတုန်းကို ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

## ပီအက်စ်ဂျီအသင်း ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် ၂၄ မှတ်ပြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့




ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ အချမ်းသာဆုံးကလပ်အသင်းတစ်သင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းသည် ပွဲစဉ်(၂၂)အဖြစ် အန်ဂါအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် အန်ဂါအသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်ပထမတန်းအမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည့် နိုက်စ်အသင်းကို ၂၄ မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၃၂ မိနစ်တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က ပီအက်စ်ဂျီအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် မိနစ် ၄၀ တွင် လူးကပ်စ်မော်ရာက ဒုတိယဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်တွင် ဗန်ဒါဝီးလ်က ပီအက်စ်ဂျီအသင်းအတွက် တတိယမြောက်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၅၉ မိနစ်တွင် ကာပယ်လီက အန်ဂါအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ သို့သော်လည်း အန်ဂါအသင်းသည် နောက်ထပ်ချေပဂိုးမသွင်းယူနိုင်ခဲ့ဘဲ ပီအက်စ်ဂျီအသင်းကသာ တောင်ပံတိုက်စစ်မှူး ဒီမာရီယာက ပွဲကစားချိန် ၆၂ မိနစ်နှင့် ၆၆ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းကို အန်ဂါအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းပွဲစဉ်(၂၂)အထိ ယှဉ်ပြိုင်ကစားပြီးချိန်တွင် နိုင်ပွဲ ၁၉ ပွဲ၊ သရေပွဲသုံးပွဲဖြစ်ထားပြီး လက်ရှိအချိန်အထိ ရှုံးပွဲမရှိ စံချိန်ကိုဆက်ထိန်းထားနိုင်သည့်အပြင် ရမှတ် ၆၀ ရရှိထားခြင်းကြောင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်ဆဲဖြစ်သည်။ အိမ်ကွင်းတွင် တစ်ပွဲသရေကျ၍ အဝေးကွင်းတွင် နှစ်ပွဲသရေကျခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းတွင် ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ယခုနှစ်ထိပ်တန်းဂိုးသွင်းသမားသုံးဦးအထိရှိထားပြီး အီဘရာဟီမိုဗစ်ချ်က သွင်းဂိုး ၁၇ ဂိုး၊ ကာဗာနီက သွင်းဂိုး ၁၀ ဂိုး၊ ဒီမာရီယာသည် သွင်းဂိုး ရှစ်ဂိုး စသည်ဖြင့် အသီးသီးသွင်းယူထားနိုင်ခဲ့သည်။ **(ငွေကြယ်)**




## မန်ယူပရိသတ်များ မိမိအပေါ် စိတ်ပျက် ငြီးငွေ့သည်မှာ မှန်ကန်ကြောင်း ဗန်ဟားလ်ဆို

မန်ယူက ဆောက်သမ်တန်အား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲအပြီးမှာ မန်ယူပရိသတ်များအနေဖြင့် ၎င်းအပေါ် ငြီးငွေ့ စိတ်ပျက်နေကြသည်မှာမှန်ကန်ကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က ပြောကြားလိုက်သည်။ မန်ယူအသင်းသည် အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပထမပိုင်း ၁၁ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် အစဉ်အလာအတိုင်း ပထမပိုင်းတစ်ပိုင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သလို ဒုတိယပိုင်း ၈၇ မိနစ်တွင် ချာလီအော်စတင်၏ သွင်းဂိုးအား ခွင့်ပြုခဲ့ရပြီးနောက် တစ်ဂိုး-ဂိုးမရှိဖြင့်ပင် အရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ ရှုံးနိမ့်ခဲ့သော်လည်း မန်ယူမှာ စတုတ္ထနေရာမှ စပါးအောက် ငါးမှတ်အကွာ၊ ဦးဆောင်သူလက်စတာထက် ၁၀ မှတ်လျော့ အနေအထားဖြင့် အမှတ်ပေးဇယား အဆင့်(၅)နေရာတွင် ဆက်လက်ရပ်တည်ထားနိုင်ဆဲဖြစ်သည်။ "မန်ယူပရိသတ်တွေ ကျွန်တော်တည်ဆောက်ထားတဲ့အသင်းရဲ့ ကစားဟန်အပေါ် ဘာကြောင့် ငြီးငွေ့တာလဲဆိုတာ နားလည်သွားပါပြီ။ ကျွန်တော်ဒါကို မြင်ခဲ့ပြီးပါပြီ။ ပိုပဲကောင်းကောင်း၊ ပိုပဲဆိုးဆိုး ရလဒ်ပိုင်းနဲ့ပတ်သက်ပြီးတော့ ဖြစ်လာသမျှအပေါ် ကျွန်တော်တို့အားလုံး တာဝန်ယူကြရမှာပါ။ အခုဆို ဒါမီယန်ပါ ဒဏ်ရာပြဿနာ ထပ်ပြီးကြုံရပြီဆိုတော့ နောက်ခံကစားသမားတွေ အလျင်အမြန်ခေါ်ယူဖို့လည်း လိုအပ်နေပါပြီ" ဟု ဗန်ဟားလ်ကဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ဒဏ်ရာပြဿနာများ ကြုံတွေ့နေရပြီး လီဗာပူးအား ရင်ဆိုင်ခဲ့သည့်ပွဲ၌ အက်ရှ်လေယန်း ဒဏ်ရာရရှိခဲ့သလို ယင်းပွဲတွင် ကြံ့ခိုင်မှုပြည့်ဝသည့် တစ်ဦးတည်းသော နောက်ခံကစားသမား ဒါမီယန်မှာလည်း ရှိန်းလောင်းနှင့် တိုက်မိခဲ့၍ ဒဏ်ရာရရှိခဲ့ပြီဖြစ်ရာ မန်ယူအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ မျှော်လင့်ချက်အတွက် နောက်ခံကစားသမားသစ်များကို မဖြစ်မနေခေါ်ယူရတော့မည်။ ဒါမီယန်၏ပါးစပ်မှ သွေးများစီးကျကာ ချက်ချင်းပင် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဗန်ဟားလ်က အတည်ပြုပြောကြားခဲ့သည်။ ထို့ကြောင့် မန်ယူအနေဖြင့် လုခ်ရှော၊ ရိုဂျို၊ အက်ရှ်လေယန်း၊ ဒါမီယန်တို့အားလုံး ဒဏ်ရာရရှိနေသောကြောင့် မန်ယူ၏ ပထမပွဲထွက်နောက်ခံကစားသမားများ မပါဝင်ဘဲ လာမည့်ပွဲစဉ်များကို ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

**မေလှဲ့သင်း**

**အားကစား လောက သတင်းတိုထွာ**

- *ချယ်လ်ဆီးအသင်း၏ ရာသီကုန် အစားထိုးခန့်အပ်မည့် အလိုရှိဆုံး နည်းပြစာရင်းတွင် စတုတ်စီးတီးနည်းပြ မားဟုချ်လည်း ပါဝင်နေကြောင်း သိရသည်။*
- *ဂွါဒီယိုလာအားခေါ်ယူရန် မန်စီးတီးအသင်းသည် လွန်ခဲ့သည့် လေးလတာကာလကတည်းက သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်သဖြင့် မန်ယူအသင်းသည် ယင်းကာလကတည်းက အဆိုပါစပိန်လူမျိုးနည်းပြအား ခေါ်ယူ၍ မရနိုင်ဆိုသည်ကို သိရှိထားကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။*
- *စပါးအသင်းသည် လက်စတာကစားသမား နှစ်ဦးဖြစ်သည့် ဂျေမီဗာဒီနှင့် ကန်တီတို့နှစ်ဦးအား ကလပ်အသင်း၏ အလိုအရှိဆုံးကစားသမားစာရင်းတွင် ထည့်သွင်းထားသည်။*
- *ဂိုးသမား အသစ်တစ်ဦး အလိုရှိနေသည့် လီဗာပူးအသင်း၏ အဓိက ပစ်မှတ်ကစားသမားမှာ လက်စတာဂိုးသမားကပ်စ်ပါရှမိုက်ကယ်ဖြစ်ကြောင်း သတင်းရင်းမြစ်များက အတိအကျ ဖော်ပြသည်။*
- *ဟူးစီးတီးနည်းပြ စတိဗ်ဘရုစ်က ချယ်လ်ဆီးလူငယ် တိုက်စစ်မှူး ပက်ထရစ်ဘန်းဖို့ဒ်အား အငှားဖြင့်ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။*
- *တရုတ်ကလပ်အသင်း ဂျန်ဆုအသင်းသည် ရိုးမားတိုက်စစ်မှူး ဂါဗင်ညိုအား ပြောင်းရွှေ့ကြေး ယူရို၁စသန်းဖြင့် ခေါ်ယူရန် ချဉ်းကပ်နေသည်။*
- *မန်ယူလူငယ်ကစားသမား ဂျက်ဆန်က ကလပ်အသင်းနှင့် တစ်ပတ် လုပ်ခလစာ ပေါင် ၁၀၀၀၀ ရရှိမည့် စာချုပ်သစ် သက်တမ်းတိုးချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီဟု ထုတ်ဖော်ပြောကြားခဲ့သည်။*

# ပိုးသတ်ဆေးဥပဒေပြဌာန်း

**ပိုးသတ်ဆေးဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပိုးသတ်ဆေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး**ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသော ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် အပင်များကို နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင် စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး**ဆိုသည်မှာ ဖျက်ပိုးကို အဝေးသို့ပြေးစေရန်လည်းကောင်း၊ ဖျက်ဆီးရန် လည်းကောင်း၊ ကာကွယ်နှိမ်နင်းရန်လည်းကောင်း သို့မဟုတ် ဖျက်ပိုးကြီးထွားမှုနှင့် အကျိုးတစ်စုံတစ်ရာအတွက် အပင်ကြီးထွားမှုကို ထိန်းချုပ်ရန်လည်းကောင်း ရည်ရွယ်ထားသော ဓာတုပစ္စည်း သို့မဟုတ် တစ်မျိုးထက်ပိုသော ဓာတုပစ္စည်းအရော သို့မဟုတ် အဏုဇီဝပစ္စည်းအရောကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေး ဖော်စပ်ရာတွင် အသုံးပြုနိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်**ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့်အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့် သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သော ပိုးများကျရောက်ခြင်းမှ ကာကွယ်ရန် သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို တစ်နှစ်ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှု မှန် မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိ မရှိ နှင့် ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီခြင်း ရှိ မရှိ တို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးက ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကိုသုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

**အခန်း(၂)**

**မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း**

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ထို့ပြင် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောမှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

**အခန်း(၃)**

**မှတ်ပုံတင်အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီစွာ ပါဝင်ခြင်း ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပိုးကို နှိမ်နင်းရာတွင် ထိရောက်မှု ရှိ မရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ အရည်အသွေး ရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကိုပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်-

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီမှု မရှိကြောင်း သို့မဟုတ် အရည်အသွေး ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီကဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ်အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိ အားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျဖျက်ဆီးရေးအတွက်လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက် လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေးဓာတ်ခွဲစစ်ဆေးခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေး ဌာနခွဲ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

**အခန်း(၄)**

**မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း**

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်းပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုး ရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်။

၁၄။ ပုဒ်မ ၁၃ ပါမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲစစ်ဆေးသည့် နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှု ထောက်ခံချက်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) ဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ခကို သတ်မှတ်ချက်နှင့်အညီပေးဆောင်ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်းအတွက် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသောလျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသူသည် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါအချက်များ ပူးတွဲ၍ တင်ပို့ခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာကို ခွင့်ပြုပါက ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်သည်။

**အခန်း(၅)**

**လိုင်စင်လျှောက်ထားခြင်းနှင့်အခွန်အခပေးဆောင်ခြင်း**

၁၇။ လိုင်စင်လျှောက်ထားသူသည်-

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်လိုအပ်သည့် ပြည်ပပို့ကုန်များ၊ သိုလှောင် သီးနှံများကို ပိုးသတ်ခြင်းလုပ်ငန်း၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ် ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ သယ်ဆောင်ယာဉ်နှင့် ကုန်တင်သေတ္တာများတွင် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားရာ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ ချမှတ်နိုင်သည်။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးစမ်းသပ်သုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေး ရောင်းချသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သော အရာရှိများကိုလွှဲအပ်၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

**အခန်း(၆)**

**ဦးစီးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည်-

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့်မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ ချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်းရှိ မရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ဦးစီးမှူးသည်-

(က) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်း ပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန် ညွှန်ကြားသည့် လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

## အခန်း(၇)
## စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကိုဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်၊ ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

(င) ပိုးသတ်ဆေးများ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊

(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကိုစစ်ဆေးခြင်း၊

(ဇ) ပိုးသတ်ဆေးများကို စစ်ဆေးရန်အတွက် နမူနာယူခြင်း၊

(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံ တင်ပြပြီး ယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၈)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီး ဖြစ်ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(င) ပြည်ပမှတင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့် ထောက်ခံချက် ရယူပြီးနောက် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(စ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၉)
## ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်နှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင်ရရှိသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်း ပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့် ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။

(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။

(စ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်ရောင်းချခွင့်လိုင်စင်ရရှိသူ၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင်ရရှိသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင်ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်စေနိုင်ခြင်းရှိ မရှိတို့အား စစ်ဆေးခြင်း ခံယူရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၁၀)
## ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်ကို ဆိုင်တွင် မြင်သာအောင်ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ပြောင်းလဲစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာ ရောနှောခြင်း၊ ပြုပြင်ခြင်းနှင့် မမှန်မကန်ကြော်ငြာ ရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင် ဖော်ပြပါရှိသောစည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(စ) ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေးနမူနာများကို ပေးအပ်ရမည်။

(ဇ) ပိုးသတ်ဆေး ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

## အခန်း(၁၁)
## ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

(ခ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများအတိုင်း လိုက်နာသုံးစွဲရမည်။

(ဂ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသောနေရာတွင် ထားရှိခြင်း မပြုလုပ်ရ။

(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ဖျက်ဆီးခြင်း နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း(၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

၂၈။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၅ ပါလိုင်စင်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

## အခန်း(၁၃)
## အယူခံခြင်း

၂၉။ ပုဒ်မ ၂၈ အရ ခရိုင်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၃၀။ (က) ပုဒ်မ ၂၇ အရလည်းကောင်း၊ ပုဒ်မ ၂၉ အရလည်းကောင်း ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၄)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လုပ်ငန်းများကို မပြုလုပ်ရ။

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့်သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် မည်သည့် သတ္တဝါကိုမျှ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင် လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၃၅။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ပတ်ဝန်းကျင်ကိုဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာခြင်း မရှိစေရ။

၃၆။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက်သောသူအား အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါက ရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၇။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

## အခန်း(၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင်ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ ကျခံစေရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၂။ သက်ဆိုင်ရာ တရားရုံးသည် သိမ်းယူထားသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း(၁၆)
## အထွေထွေ

၄၃။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော အမှုအဖြစ် သတ်မှတ်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

၄၆။ ဤဥပဒေမပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ပိုးသတ်ဆေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/ ၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဆောင်းရာသီကာလ ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကံမ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မင်းတုန်းချောင်းနံဘေးဝဲယာတစ်လျှောက်ရှိ မြေနုကျွန်းများ၊ ကိုင်းမြေများပေါ်တွင် ဆောင်းရာသီစိုက်ခင်းများအဖြစ် ဆီထွက်သီးနှံဖြစ်သည့် မြေပဲစိုက်ခင်းများနှင့် ပဲမျိုးစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ခင်းမြေများသည် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုသည့်အတွက် မြစ်ရေချောင်းရေများလွှမ်းမိုးခဲ့ရာမှ မြေဆီမြေနှစ်များ ပိုမိုပြည့်ဝကောင်းမွန်ပြီး အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။ ဆောင်းသီးနှံစိုက်ခင်းများအနက် ကံမမြို့နယ်တွင် မြေပဲစိုက်ဧက ၈၉၅၀၊ ပဲကြီးစိုက်ဧက ၄၂၂၄ ဧကနှင့် ကုလားပဲစိုက်ဧက ၃၅၁၅ ဧကရှိပြီး မတ်ပဲ၊ ပဲတီစိမ်းနှင့် အခြားပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းကပြောကြားခဲ့သည်။

"ယခုနှစ် ဆောင်းရာသီကာလမှာ ရာသီဥတုဖောက်ပြန်ခြင်းမရှိတဲ့အပြင် အချိန်အခါမဟုတ် မိုးရွာသွန်းတာလည်း မရှိခဲ့တဲ့အတွက် ပဲအထွက်နှုန်းတွေ ပိုမိုကောင်းမွန်နိုင်မှာပါ။ မြေပဲစိုက်ခင်းတစ်ဧကမှာ အတောင့်တင်း ၇၀ ကနေ တင်း ၈၀ ထိ အနည်းဆုံးထွက်ရှိနိုင်ပြီး ပဲစေ့ပဲဆန်တွေလည်း အောင်မြင်ပါတယ်" ဟု ရွှေတောကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## အခြေခံမီးငြိမ်းသတ်ရေးနှင့် ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်

**ချောက် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်-လမ်းရွာရေနံမြေ Goldpetrolကုမ္ပဏီ၊ ချောက်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော အခြေခံမီးငြိမ်းသတ်ရေးနှင့် ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်ပွဲကို ရေနံလုပ်သားများအပန်းဖြေညှော်ရိပ်သာ (၂) ၌ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ချောက်-လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သောလုပ်ငန်းများ ဆွေးနွေးပြောကြားခဲ့သည်။ Goldpetrol ကုမ္ပဏီ Mr. Pradopo Subekti,Field Manager ကလည်း သင်တန်းတွင် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ Goldpetrol ကုမ္ပဏီ Mr.Dahnu, (HSE)Manager နှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ကလည်း သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား MOGE ၁၂ ဦး၊ Goldpetrol ကုမ္ပဏီမှ ၂၀ ဦး စုစုပေါင်း ၃၃ ဦးအား ဇန်နဝါရီ ၂၀ ရက်မှ ၃၀ ရက်ထိ သင်တန်းကာလ ၁၀ ရက်ကြာ မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းအမျိုး ၃၀ ဖြင့် လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

## ကျေးရွာချင်းဆက်လမ်း ဂျင်းကျောက်ခင်းခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကိုင် ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ် ကံသာအေး-အင်းလျား-ဗျည်းလောကျေးရွာချင်းဆက်လမ်း ဂျင်းကျောက်ခင်းခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းများကို ရွှေဝင်းစတားကုမ္ပဏီမှ တင်ဒါအောင်မြင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို အရှည် (၂/၄) မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် အရှည် (၀/၁) မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ၄ ပေ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ကံသာအေး-အင်းလျား-ဗျည်းလောကျေးရွာချင်းဆက်လမ်းသည် မြေလျှိုချိုင့်များဖြင့် မိုးရာသီတွင် ရေများ၊ ရွှံ့များဖြင့် ပြည့်လျက်ရှိပြီး သွားလာမှုအလွန်ခက်ခဲခြင်းကြောင့် ယခုလို ဂျင်းလမ်းခင်းခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဒေသထွက်ပစ္စည်းများကို အချိန်တိုအတွင်း လျင်မြန်စွာကုန်စည်စီးဆင်းကာတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သောကြောင့် ကျေးရွာပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ နေ့စားဝန်ထမ်းများအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းပွဲပြုလုပ်

**မကွေး ဇန်နဝါရီ ၂၄**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက နေ့စားဝန်ထမ်းများအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား မကွေးတိုင်းဒေသကြီး ဒုတိယလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးသာစိုးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မကွေးတိုင်းဒေသကြီးအတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**




ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
(၁၀)ကြိမ်မြောက် E.P.S TOPIK စာမေးပွဲကိုဖြေဆိုမည့်သူများအတွက် နောက်ဆုံးအခြေခံတန်းခွဲသစ်ကို
(၁-၂-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။
အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

UK's Top Computing Degree in Yangon
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း
GUSTO INTERNATIONAL COLLEGE
၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ 2016 February Intake အတွက် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်းအထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီးလျှောက်ထားနိုင်ပါသည်။
* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။
ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 789 888 222, 01 504632

**KBZ BANK**

## (၃၅၇) ဘဏ်ခွဲ

# လှိုင်သာယာ – ရွှေကမ်းသာယာအိမ်ရာဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၆)

အမှတ်(၉/၁)၊ ရွှေကမ်းသာယာအိမ်ရာဝင်း၊ ရန်ကုန်–ပုသိမ်လမ်းမ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၈၅၁၀၆၊ ၆၈၅၄၈၁၊ ဖက်စ်(၀၁)၆၈၅၄၀၀

## (၃၅၈) ဘဏ်ခွဲ

# ၇–မိုင်ဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၇)

အမှတ်(၃၁)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၅၃၁၇၃/၇၄၊ ဖက်စ်(၀၁)၆၅၂၆၀၇

## (၃၅၉) ဘဏ်ခွဲ

# ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၈)

အမှတ်(၂၄၉/ ၂၅၁)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၇၄၄၇၁/ ၇၂/ ၇၃၊ ဖက်စ်(၀၁)၃၇၄၆၇၄၊ ၃၇၄၇၅၇

## (၃၆၀) ဘဏ်ခွဲ

# မြောက်ဒဂုံ(၇/ ၈)လမ်းဆုံဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၉)

အမှတ်(၁၀၅၅)၊ ပြည်ထောင်စုလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၈၁၂၁၆/ ၁၇/ ၁၈၊ ဖက်စ်(၀၁)၅၈၁၂၃၀/ ၃၁/ ၃၈

## (၃၆၁) ဘဏ်ခွဲ

# မန္တလေး – လေးမျက်နှာဘဏ်ခွဲ ၊ မန္တလေးဘဏ်ခွဲ(၂၉)

အမှတ်(၈၀/က)၊ (၅၇)လမ်းနှင့် မနော်ဟရီလမ်းထောင့်၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၈၁၆၁၅၊ ၈၀၉၃၃၊ ဖက်စ်(၀၂)၈၀၉၂၂

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# ဂုဏ်ယူဝမ်းမြောက်ခြင်း

WORLD FINANCE

## World Finance 100 (2015)

WORLD ECONOMIC FORUM
COMMITTED TO IMPROVING THE STATE OF THE WORLD

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **World Finance** အဖွဲ့အစည်းမှ တစ်ကမ္ဘာလုံးရှိ စီးပွားရေးကုမ္ပဏီကြီးများအနက် **"အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ (၁၀၀)"** ၏ စာရင်းကို ဆွစ်ဇာလန်နိုင်ငံ **Davos** မြို့၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်မှ (၂၃)ရက်နေ့အထိ ကျင်းပခဲ့သော **World Economic Forum** တွင် ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံမှ **"ကမ္ဘောဇဘဏ်လီမိတက်"** အား ထည့်သွင်းရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## World Finance 100 (2015)

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **World Finance** အဖွဲ့အစည်းမှ တစ်ကမ္ဘာလုံးရှိ စီးပွားရေးကုမ္ပဏီကြီးများအနက် **"အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ (၁၀၀)"** ၏ စာရင်းကို ဆွစ်ဇာလန်နိုင်ငံ **Davos** မြို့၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်မှ (၂၃)ရက်နေ့အထိ ကျင်းပခဲ့သော **World Economic Forum** တွင် ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံမှ **"ကမ္ဘောဇဘဏ်လီမိတက်"** အား ထည့်သွင်းရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးဝင်းအောင် – ဒေါက်တာမိုးမြင့်
နှင့်
Dagon Group of Companies

# မြန်မာကာတွန်းနှစ်၁၀၀ပြည့်ပွဲတော်မှ ကျေးဇူးအထူးတင်ရှိခြင်း

မြန်မာကာတွန်း နှစ် (၁၀၀)ပြည့်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီပံ့ပိုးခဲ့ကြသော မြို့တော်ဝန်နှင့် MCC ခန်းမမှ တာဝန်ရှိသူများ၊ ရောဝတီဘဏ်၊ MAX ENERGY ၊ AMI ၊ အောင်မြင်သူ၊ ရွှေမင်္ဂလာဈေး ကုမ္ပဏီများနှင့် ပုတက်ကလေးဂျာနယ်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ (SKYNET, Hadaya Chnnel)၊ Monkey Coffee Mix ၊ Happy World ၊ တေးရေး နိုင်မြန်မာ၊ ကာတွန်းဆရာများနှင့် ကျေးဇူးတင်ထိုက်သူ ကာတွန်းချစ်သူများကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာကာတွန်း နှစ် (၁၀၀)ပြည့်ပွဲတော် ဖြစ်မြောက်ရေးကော်မတီ

ယုနိုက်တက်ဖွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့်မျက်မှန်ဆိုင်

ပိုက်ပိုလဲတိကျတယ်... ဈေးနှုန်းလဲချိုသာတယ်...
ခေတ်မှီစက်ကိရိယာတွေ သုံးတဲ့အတွက် မီနေ့လုပ်ရင် မီနေ့ရတယ်...
မျက်စိအထူးကုဆရာဝန်ကြီးတွေ ကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးတယ်...
ကမ္ဘာ့အဆင့်မှီ Branded ကိုင်းမျိုးစုံရှိတယ်...



အတွင်းတိမ်ခွဲစိတ်ရန်(ecce) လက်ဖြင့်ခွဲပြီး(I.O.L) မျက်တွင်းမှန်ထည့်ပေးခြင်း
Fico Emusifier (ultra sound system)ဖြင့် အတွင်းတိမ်ကို ချေမွဆုတ်ယူပြီး
(Foldable I.O.L) အလွန်သေးငယ်၍ ခေါက်ထည့်ရသော မျက်တွင်းမှန်
ထည့်ပေးခြင်းများကို ဆောင်ရွက်ပေးနေပါပြီ...

ငွေကြေးမတတ်နိုင်သူများကို အပတ်စဉ်
တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှ ည (၇း၃၀) နာရီထိ
မျက်စိအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်
အခမဲ့ စမ်းသပ်ခွဲစိတ်ပေးနေပါသည်။
နီးစပ်ရာဆိုင်ခွဲများတွင် ဖုန်းဖြင့်ဖြစ်စေ
ယခုကိုယ်တိုင်ဖြစ်စေ ကြိုတင်
စာရင်းပေးသွင်းနိုင်ပါပြီ။

ရန်ကုန်ဆိုင်ခွဲ
- အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၉၃၉၊ ၀၁-၃၈၄၈၃၈၊ ၀၁-၂၅၂၇၃၈
- အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၂၃၁၇၊ ၀၁-၂၃၀၄၂၉၄
- အမှတ်(၃၈/E)၊ လေးထောင့်ကန်လမ်းမ၊ သယ်န်းကျွန်းဈေးရှေ့ ဗ၀န၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၅၉၂၂

မန္တလေးဆိုင်ခွဲ
- အမှတ်(A-3)၊ ၇၈ လမ်း၊ ၂၇ × ၂၈ကြား၊ ဘူတာကြီးမြောက်ဘက်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၈၇၈၆၊ ၃၄၄၄၂
- ၇၈ လမ်း၊ ၃၃ × ၃၄ ကြား၊ Diamond Plaza၊ ဆိုင်အမှတ် (G-042/043) စက်လှေကားအနီး မြေညီထပ်၊ ဖုန်း ၀၉-၉၁၀၂၇၀၃၄






















# AUNG SI TEE THAN PUBLIC COMPANY LIMITED

## "အောင်စည်တီးသံအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်"

## (ဖွဲ့စည်းတည်ထောင်ပြီးကြောင်း ကြေညာခြင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၀၄ / ၂၀၁၅-၂၀၁၆ (နပတ) (၈-၁၀-၂၀၁၅)ဖြင့် "အောင်စည်တီးသံ အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်" **( AUNG SI TEE THAN PUBLIC COMPANY LIMITED )** အများနှင့်သက်ဆိုင်သော(အများပိုင်)ကုမ္ပဏီအဖြစ် ခွင့်ပြုချက်အရ တရားဝင်ဖွဲ့စည်း တည်ထောင်ထားပြီး ဖြစ်ပါသည်။

၎င်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ ပထမဦးစားပေးလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့ရှိ မီးဘေးသင့်မြို့မဈေးကြီးအား ခေတ်မီအဆင့်မြင့်ဈေးသစ်ကြီးအဖြစ် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ဦးတည်၍ဖွဲ့စည်းကာ တောင်ငူမြို့မဈေးကြီး၏တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဦးဘဆွေမှ အထက်အမည်ပါ အများနှင့်သက်ဆိုင်သော (အများပိုင်)ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ် တရားဝင် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

ဒုတိယဦးစားပေးလုပ်ငန်းအဖြစ် ကေတုမတီစက်မှုဥယျာဉ်မြို့တော်စီမံကိန်းများတွင်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

ထို့အပြင် (၁)စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း၊ (၂)ပြည်တွင်း/ပြည်ပကုန်စည်နှင့်အထွေထွေသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ (၃)စက်မှု-လက်မှုဖုန်နှင့် ထုတ်လုပ်မှုလုပ်ငန်း၊ (၄)ကျောက်မျက်နှင့် တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်ရောင်းချရေးလုပ်ငန်း၊ (၅) ရောင်းဝယ်ရေးလုပ်ငန်း၊ (၆)ဆက်သွယ်ရေးလုပ်ငန်း၊ (၇)ဆောက်လုပ်ရေးလုပ်ငန်း၊ (၈)ခရီးသွားလုပ်ငန်း၊ (၉)ဝန်ဆောင်မှုလုပ်ငန်း၊ (၁၀)ဟိုတယ်လုပ်ငန်း၊ (၁၁)ဘဏ်လုပ်ငန်း၊ (၁၂) အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ စသည့်နိုင်ငံတော်မှ ခွင့်ပြုသည့် အခြားသော စီးပွားရေးကဏ္ဍများတွင်လည်း လုပ်ငန်းများကို လုပ်ဆောင်ရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

အများပြည်သူပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ) သတ်မှတ်ထားပြီး မကြာမီကာလအတွင်း အစုရှယ်ယာများ ဝယ်ယူနိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် တရားဝင် လုပ်ငန်းစတင် ဆောင်ရွက်ခွင့် လက်မှတ် **(Certificate for Commencement of Business)** ရရှိသည့် အခါတွင် အစုရှယ်ယာရောင်းချမည့် အစီအစဉ်ကို အသေးစိတ်ထပ်မံ ကြေညာသွားမည်ဖြစ်ပါသည်။


**AUNG SI TEE THAN**
**PUBLIC CO.,LTD**
**Reg:1004 of 2015-2016 (NPW)**
အမှတ်-၁၄/၄၅၆၊ (၁)လမ်း၊ (၁၄)ရပ်ကွက်၊
တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။
ဖုန်းနံပါတ် ၀၉-၅၅၅၁၀၀၁၊ ၀၉-၄၂၂၄၄၉၉၂၂
**E-mail: aungsiteethan@gmail.com**

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထူးစိန်(စဉ်-၇၈၈၈)
**B.Sc., LL.B., H.G.P., B.D.S., Dip. in .B.L.,**
**DL Graduate (WIPO - Switzerland)**
(တရားလွှတ်တော်ရှေ့နေ နှင့် ကုမ္ပဏီဥပဒေအကြံပေး)
ရုံး **(U Khin Maung Sein Notary Public Office)**
အမှတ်(၅၅၇)၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၄၆၉၉၊ ၀၉-၇၉၅၁၇၄၆၉၉၊ ၀၉-၇၃၀၁၂၈၉၂
**E-mail: kyawhtooseinadvocate@gmail.com**

NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ဈေးလျှော့သက်သာ ခရီးစဉ်
★ အလောင်းတော်ကဿပခရီးစဉ်(မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး) - Jan 29, Feb 11
★ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Jan 29, Feb 11
★ တောင်ကြီးခရီးစဉ် (တောင်ကြီး ၊ အင်းလေး၊ ပင်းတယ၊ ကလော) - Jan 29, Feb 11
★ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ) - Jan 29, Feb 11
★ ပုဂံ-ရွှေစက်တော်ခရီးစဉ် ( မင်းဘူး၊ ရွှေစက်တော်၊ မကွေး၊ ပုဂံ၊ ပုပ္ပါး) - Feb 11
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ကိုညာက် KO NYAN
Car Rental & Travel Service
09-5078440, 01-551649, 01-209183

KING STAR ဖုန်း- 09 73049700, 09 73047572
ကွန်ပျူတာအတတ်သင် 30000Ks
Internet (8000Ks)
i-Office 2010
D.T.P
Graphic Design
A+ Hardware

Star Resources International Bakery & Pastry Course
ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာမှန်မှိုးစံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း





Breads Puff Pudding Eclir Soft Roll
Cakes Danish Jelly Dough Nut Hard Roll
Cookies Croissant Cream Puff Cheese Cake Focaccia
* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (9.2.2016)
* လူဦးရေကန့်သတ်ထားပါသည်။
☎ 01- 523 200, 230 4020, 230 4021, 523 623, 09 5020 302, www.star-resourcesacademy.com

MOTHER'S LIGHT
တက္ကသိုလ်ဝင်တန်း ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
အတွဲ(၁) ဥဒါဟ
အတွဲ(၂) ဥဒါဟ
တက္ကသိုလ်ဝင်တန်း ဂိုဝေဒ
ပုံဆွဲစာအုပ်

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
Certificate TH06/3966.02

Myanmar Young Entrepreneurs Association (MYEA) မှကြီးမှူးကျင်းပသော
(၈)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ
အလုပ်ရှာနေသူများနှင့်ဝန်ထမ်းအလိုရှိသူများတိုက်ရိုက်တွေ့ဆုံပွဲ
ကျင်းပမည့်နေ့ရက် - ၂၀၁၆ခုနှစ်-ဖေဖော်ဝါရီ(၁၉-၂၀-၂၁)
ကျင်းပမည့်အချိန် - နံနက်(၉း၀၀မှ၅း၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)
Main Sponsor
အခွင့်အလမ်း ဂျာနယ် Opportunity Journal
အသေးစိတ်သိလိုပါက ... ၀၉-၇၃၁၂၁၇၅၄၊ ၀၉-၅၁၄၂၃၃၁ များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နိုင်ငံတကာမှ တက္ကသိုလ်များနှင့် သင့်ကို ချိတ်ဆက်ပေးမည့်
SR International Education Exhibition 2016
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE၊ GCE O level နှင့် GCE A level အောင်မြင်ပြီးသူများ၊ အဆင့်မြင့်ပညာရေး လေ့လာနေသူများ၊ ဘွဲ့ ရရှိပြီးသူများ နှင့် မိဘများလာရောက် လေ့လာပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
Career Talk
Study : Medical, Engineering, Business, IT, Fashion & Design, Mass Communication, International Relations, Law, Tourism & Hospitality
In : Australia, Canada, Japan, New Zealand, Singapore, Thailand, UK & USA
SMART RESOURCES WORLDWIDE EDUCATION
THE WORLD IS IN YOUR HANDS.
Contact Us: 09 542 8848, 09 543 8848, 09 514 8848, 09 26508 111 2/3/4/5
Yangon Event 30.1.2016 (Saturday) 9:00 am to 12:00 Noon Novotel Hotel
Mandalay Event 31.1.2016 (Sunday) 2:00 pm to 5:00 pm Swan Hotel
Pyay Event 6.2.2016 (Saturday) 2:00 pm to 5:00 pm AyarOo Hall

ကြော်ငြာ





လုပ်ငန်းလက်လှမ်းမှီသော နိုင်ငံတကာအသိအမှတ်ပြု ငွေကြေးဆိုင်ရာဘာသာရပ်များ

**Foundation Level**
Level 2 Fundamentals of Financial Services **(FFS)**
Level 3 International Introduction To Securities & Investment **(IISI)**

**Qualifying Level**
Level 3 International Certificate In Wealth & Investment Management
Level 3 Investment Operations Certificate **(IOC)**
Level 3 Certificate In Corporate Finance

**FFS** (3rd Batch) Starting Date : January - 29

CISI CHARTERED INSTITUTE FOR SECURITIES & INVESTMENT
MYANMAR INSTITUTE OF FINANCE

MIF Address : MAPCO Building၊ အမှတ်(၁၀၀)၊ ကမ်းနားလမ်း နှင့် မော်တင်ထောင့်၊ ဆိပ်ကမ်း (လမ်းမတော်) မြို့နယ်၊ ရန်ကုန်မြို့။

ENROLL NOW : 09 976528783 09 973703337



Scaffolding & Pipe Support
ငှားရန်ရှိသည်
Eagle-ဆက်သွယ်ရန်ဖုန်းနံပတ် ၀၉-၈၆၄၁၀၅၉၉၊
၀၉၄၂၂၅၂၇၄၅၉

ပုံနှိပ်စက်သုံး **Offset roller size** မျိုးစုံကို စျေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ပေးနေပါသည်။

| | | |
|---|---|---|
| size | 40mm-50mm | ks 42000 |
| | 50mm-58mm | ks 51000 |
| | 60mm-70mm | ks 60000 |
| | 70mm-76mm | ks 69000 |

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၁၈၄၀

ပြည့်ဝ
ခန်းဆီး၊ လိုက်ကာ နှင့် မွေယာ တို့ကို
အိမ်အရောက်(အခမဲ့)တိုင်းတာ၍ချုပ်လုပ် တပ်ဆင်ပေးပါသည်။
အမှတ်-(၄၁) မြေညီထပ်၊ ကွင်းတော့ဝင်းလမ်း၊ အလုံမြို့နယ်၊
:01 229672, :09 73165072,09 43193449



Yee Fashion Designer Group

**အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒါနသင်တန်း**

နိုင်ငံတကာ အဆင့်မီ ခေတ်မီဆန်းသစ်သော အဝတ်အထည်ဒီဇိုင်းများကို ပညာရှင်များမှ ဒီဇိုင်းအသိဒီဇိုင်းအမြင် ဒီဇိုင်းဒီအိုရီတို့ဖြင့် ပေါင်းစပ်၍ ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသော အဝတ်အစားများကို ဖန်တီးနိုင်သည့် စာတွေ့လက်တွေ့အခြေခံမှစ၍ ဒီဇိုင်းမျိုးစုံ တီထွင်ဖန်တီးနိုင်သော ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်စေရန်နှင့် လူငယ်များအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်း အမှတ်စဉ်(၈)ကို ဖွင့်လှစ် မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၃၀-၁-၂၀၁၆)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

**လူဦးရေကန့်သတ်ထားသည်**

ဆက်သွယ်ရန် - Center(1) - အမှတ်(၄၂/B)၊ မြေညီထပ်၊(၁၁)လမ်း၊ လမ်းမတော်မြို့နယ်။
Center(2) - အမှတ်(၁၀၆) တတိယထပ်၊ လှည်းတန်းလမ်းတို၊ လမ်းမတော်မြို့နယ်။
Ph: 01-228692, 09-73048822, 09-31788338, 09-5193056, 09-799298245





ZCS®

မမှု တလွှား ခရီးသွားက ရွှေမင်း ရွှေသား ရသည့်လားသို့ အားရကြည်နူး ပျော်ရွှင်မြူးအောင် ပို့ဆောင်ပါမည် ထူးခြားတဲ့ ခရီးဖြစ်ပါစေ။

ပရွှေဝင် ဦးစီးတည်ထောင်သော (သံတော်စဉ်ယလေးဌာန၊ အဝိဓယိတလေးဌာန နေရာအစုံ)

# ဇမ္ဗူရွှေဝင် ဗုဒ္ဓဝယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ
ဘူနီကြီးကျောင်းနှင့် တိုင်ဒသည် ခရီးစဉ်များ

- ၁၇ ည/၁၅ ရက် (သံတော်စဉ်ယလေးဌာန+အဝိဓယိတလေးဌာန၊နယူးဒေလီ၊ အာဂရာ၊ တပ်ချ်မဟာ)
- ၇ ည/၈ ရက် (သံတော်စဉ်ယလေးဌာန+အဝိဓယိတသုံးဌာန)

ဖေဖော်ဝါရီ (၈/၂၉)
မတ် (၂/၂၇)
ဧပြီ (၁၁/၁၂)

- စင်ကာပူသီးသန့် Feb: 12
- ကမ္ဘောဒီးယား Feb: 12
- ချင်းမိုင်၊ ချင်းရိုင် Feb: 12
- စင်ကာပူ - မလေးရှား Feb: 12
- ဘာလီကျွန်း Feb: 11,12,
- ဗီယက်နမ် Feb: 11
- ဇန်ကောက်အယုဒ္ဓယပတ္တရား Feb: 12
- ကြည်နူးပျော်ရွှင် နှင်းတောင် ခရီးစဉ် Feb, Mar,

Ph:01 -221443, 09 - 502 4269, 09 -250 508 568, 09 -250 190 903

# Royal Gandamar

February ခရီးစဉ်များ

5% Discount for Early Birds

| | | |
|---|---|---|
| ၁.ထားဝယ်ရှင်ကိုးရှင်-လောင်းလုံကျွန်း-မျော်ရစ်-မောင်းမကန် (၆ ရက်) | Feb 11 | ၂၄၅၀၀၀ |
| ၂.ပုဂံ-စွယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူသီဟိုဠ်ရှင် (၄ရက်) | Feb 11 | ၁၅၅၀၀၀ |
| ၃.အလောင်းတော်ကဿပ-တောဇီတစ်တောင်-ကျောက္ကာရွှေဂူ-ကျောက်စိမ်းဘုရား | Feb 11 | ၁၆၀၀၀၀ |
| ၄.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-မှော်တော်ကဏ္ဍ(၅ရက်) | Feb 11 | ၁၉၀၀၀၀ |
| ၅.ကယား-လွိုင်ကော်-မြင်းမထိ-ထီးစဲခါး-တောင်ကွဲစေတီ-ပန်ပက်ရွာ(၄ရက်) | Feb 11 | ၁၇၀၀၀၀ |
| ၆.မန္တလေး-ကျောက်ဆည်-မင်းကွန်း-ပြင်ဦးလွင် (၄ရက်) | Feb 11 | ၁၇၀၀၀၀ |
| ၇.ငပလီကမ်းခြေ@4* Resort (၃)ရက် | | ၂၅၉၀၀၀ |

3*Hotel (၂)ဦးတစ်ခန်း, Scania Express, Meals, Guide စရိတ်ငြိမ်း

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့် ၅၂လမ်းထောင့် Yurimiako ရှေ့ ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်။
Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

# ဆရာဌေးဦး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

## အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အပြီးပြီး ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဖေဖော်ဝါရီ (၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

## နွေသင်တန်း ၄တန်းမှ ၁၀တန်းထိ လက်ခံနေပြီ။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဇင်နောင်ထက်[၁၄/ရကန(နိုင်)၁၄၅၄၄၅]၏ နိုင်ငံကူးလက်မှတ် နံပါတ် MA 569792 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၄၅၆၅၆၇

## မန္တလေး G.T.I ဆရာ၊ ဆရာမ
## ကျောင်းသား၊ ကျောင်းသူဟောင်းများ(ရန်ကုန်)လူမှုကူညီရေးအသင်း
## ဒုတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးပွဲဖိတ်ကြားခြင်း

၁။ ရန်ကုန်ရှိ မန္တလေး G.T.I ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးပွဲ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်၊ တနင်္ဂနွေနေ့။
မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ (၂)နာရီ

၃။ M3 Food CENTRE (G-HALL) နေ့လယ်စာဖြင့်ဧည့်ခံပါမည်။
သီးခြားဖိတ်စာ မပို့ပါ။

လူမှုကူညီရေးအသင်း
မန္တလေး **G.T.I** ကျောင်းသား၊ ကျောင်းသူဟောင်းများ(ရန်ကုန်)

# ဦးအောင်ဟိန်းကျော်

ရေးပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

**အင်္ဂလိပ်စာရေးနည်း**

**အင်္ဂလိပ်စကားပြော** သင်တန်း

- နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
- အင်္ဂလိပ်စကားပြော(Vol:1,2,3,4) စာရေးနည်း(Pre.,Vol:1,2,3)စာအုပ်ထွက်ပြီ

ဆရာ ဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)ဖွင့်ပြီ

၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

• 392468
09517184I

# Mini Backhoe

ရောင်း/ငှား

ဖုန်း-၀၉-၄၃၁၁ ၂၉၉၉၊ ၀၉-၄၃၀၃၁ ၂၂၂

**အမြန်ပြန်လာပါ**

မောင်ထွန်းထွန်းဦး [၃/ဘအန (နိုင်) ၂၂၂၈၆၄] မိသားစုနှင့်ဇနီး စိတ်ပူနေသည် အမြန်ပြန်လာခဲ့ပါ။
မအိသက်ဖြိုး
[၁၂/လမန(နိုင်)၁၃၄၆၃၂]

**သဇင်ပန်းလှလှ**

ထားဝယ်သဇင်ဥ၊ သဇင်ဥမျိုးစုံ
စိုက်ပြီးသဇင်တိုင်၊ တိုင်လွတ်
ဖုန်း-၀၁-၅၆၀၅၆၇၊
၀၉-၂၅၂၆၉၀၄၀၀

# တရုတ်

Sayar.Yang

စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

# ENGLISH
Conversation Practice

ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 49 285182

KKH
TAW WIN CENTRE

# တော်ဝင်စင်တာ (၅) နှစ်ပြည့် အထိမ်းအမှတ်ဈေးရောင်းပွဲတော်

တော်ဝင်စင်တာ (၅) နှစ်ပြည့်အထိမ်းအမှတ်ဈေးရောင်းပွဲတော်အား (၅.၂.၂၀၁၆) မှ (၁၄.၂.၂၀၁၆) အထိ ပြည်လမ်း၊ တော်ဝင်စင်တာ ရှေ့ကားပါကင်နေရာတွင်ပျော်ပြေရေးအစီအစဉ်များနှင့်အတူ (၁၀) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် တော်ဝင်စင်တာ ဒုတိယထပ်၊ **Promotion & Customer Service** ကောင်တာသို့ (၃၁.၁.၂၀၁၆) နောက်ဆုံးထား၍ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရန် – (၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁၀၆၀၀၁၁၁၊ လိုင်းခွဲ (၂၂၂၂)၊ ၀၉၇၀ ၂၉၉၁၀၆၉

WE PILE
CONSTRUCTION CO.,LTD.
မြို့တော်စည်ပင်လိုင်စင်ရ



လူကြီးမင်းတို့၏ အဆောက်အအုံများနှင့် စက်ရုံများတွင်
**ပိုင်ရိုက်ခြင်း** လုပ်ငန်းများ ဆောင်ရွက်လိုပါက
**180 Ton** စက်အသစ်ဖြင့် မြေအဝင်တစ်ပေလျှင်
အထုနှုန်း **1500 ကျပ်** ဖြင့်အတွေ့အကြုံ (၁၀) နှစ်အထက်
ရှိသောကျွမ်းကျင်ပညာရှင်များမှ ဝန်ဆောင်မှုပေးပါသည်။
(သယ်ယူပို့ဆောင်စရိတ် **25 သိန်း** ပေးရမည်)

No.82-A, Kyeik Wine Pagoda Road, Mayangone Tsp, Yangon, Myanmar.
Tel : 09 788888134,

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၆ ဖြင့် ဒေါက်တာသန်းသန်းနွဲ့(Director, Asia Plaza Hotel)အား သုဓမ္မသီရိဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်အကျိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ချစ်ခင်ပွန်း - သီရိသုဓမ္မဇောတဓရ ဦးဝင်းစိန်
**Managing Director**
**(Asia Express Group of Companies)**

ချစ်သမီးများ - မသင်းသင်းဆွေ
**B.E(University of Washington)**
**M.E(University of Hawaii)**
- **Dr.**ဝင်းဝင်းမိုး
**(Resident M.D, Jersey City Medical Center)**
- **Dr.**မြတ်မြတ်မိုး
**(Doctor of Pharmacy, Idaho State University)**

ချစ်သား - မြတ်သူရိန်ဝင်း
**(Final Part II** ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)

## အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၆ (၄-၁-၂၀၁၆)ဖြင့် သုဓမ္မမဏိဇောတဓရ ဦးကျော်ငွေး(မန်နေဂျင်းဒါရိုက်တာဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)၏ဇနီး ဒေါ်ခိုင်သက်မွန်(ဒါရိုက်တာ၊ ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)အား သာသနာတော်ဆိုင်ရာ သုဓမ္မသီရိဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးစိုးမြင့်ဟန်(မန်နေဂျင်းဒါရိုက်တာ)
ဒေါ်နန်းဝေဝေခိုင်(ဒါရိုက်တာ)
**Asia Myanmar Co.Ltd**

## ကျောက်ဆည်အသင်း(ရန်ကုန်)မှ ဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌစည်သူ ဦးတင်လှိုင်(စာရေးဆရာလယ်တွင်းသားစောချစ်)သည် SOUTH EAST ASIA WRITERS AWARD ဆုကို ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဝမ်းသာဂုဏ်ပြုအပ်ပါသည်။

ကျောက်ဆည်အသင်း(ရန်ကုန်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-ဂျီ)၊ မြေကွက်အမှတ်(၄၇၂-အိပ်ချ်၆/၁ဘီ-၁)နှင့် (၄၇၂/အိပ်ချ်၆/၁ဘီ-၃)လမ်း၊ မြေကွက်တည်နေရာအမှတ်(၁/ခ)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးအောင်တင့်[၈/ရစက(နိုင်)၀၆၃၆၃၇၉] အမည်ပေါက်ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဦးအောင်တင့်ကွယ်လွန်သဖြင့် ဒေါ်အေးစို[၈/ရစက(နိုင်)၀၆၃၆၄၀]မှ ဦးအောင် တင့်၏ ၁၈-၂-၂၀၁၀ ရက် သေစာရင်း၊ ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

YOUTH®
INTERNATIONAL COLLEGE
Alternate Education for your Success

- The First Cisco Official Learning Partner in Myanmar
- Pearson VUE Test Center
- Edexcel Approved Center No.95942

Summer Intake
Admission Open!

HND Diploma in Computing (UK) ပညာရေးဟောပြောပွဲ နှင့် သင်တန်းသားသစ်များ ခေါ်ယူခြင်း



ဟောပြောမည့်သူ - ဆရာ ဦးဇော်လင်း (Founder & CEO)
နေ့ရက်နှင့် အချိန် - ၅ ဖေဖော်ဝါရီ ၂၀၁၆၊ နေ့လည် ၁:၀၀ မှ ၃:၀၀
နေရာ - Jade Hall, Central Hotel
Reservation - 01254893/095003596

Big Discount @ Event and Before Event

ရှေ့ Intake များတွင် မတက်လိုက်ရသူများ ယခု Intake တွင် ကြိုတင်အပ်နှံထားခြင်းဖြင့် မိမိဘဝ၏ Career အတွက်အကောင်းဆုံး အသင့်ပြင်ဆင်ထားကြပါစို့ . .

City Campus :Room 6A, Pansodan Office Tower, Pansodan Middle Block, Ph: 01 254893, 09 500 3596,
MICT Campus: Room 605, Building 16, MICT Park, Ph: 09 3156 0855.

အောင်မြင်သောပညာရှင်များ ဖြစ်လာစေရန် ကြိုးဆိုသင်ကြားပေးနေသည့် အောင်မြင်မှုအရှိဆုံး
VICTORIA UNIVERSITY COLLEGE



Engineering
Business
Computing & System Development
Health & Social Care

- တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) IGCSE O Level အဆင့်အောင်မြင်သူများသည် Edexcel (UK) မှချီးမြှင့်သော HND (Level 5 Degree) အတွက် ၂နှစ်ခွဲကြာဆည်းပူးရပါမည်။
- University of Wolverhampton (UK) မှ တိုက်ရိုက်လာရောက်ပို့ချမည့် BE/ BSc/ BA (Hons:) ရရှိရန် VUC တွင် ၁နှစ်သာဆည်းပူးပြီး ရရှိသည့်ဘွဲ့ကို University of Wolverhampton (UK) ဘွဲ့နှင်းသဘင်တွင် တက်ရောက်ယူခွင့်ရပါမည်။

ကျောင်းသားရေးရာဌာန - အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၅၇၁၀၉၄။

- တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) IGCSE O Level အဆင့်အောင်မြင်သူများသည် Edexcel (UK) မှ ချီးမြှင့်သော HND (Health & Social Care) (Level 5 Degree) ကို ၂နှစ်ခွဲကြာသင်ယူရမည်။
- HND in Health & Social Care အောင်မြင်ပြီးပါက MBBS ဘွဲ့အတွက် ၄နှစ် ဆက်လက်ဆည်းပူးရပါမည်။
- Victoria University College သည် ဗြိတိန်နိုင်ငံ Quality Assurance Agency နှင့် University of Wolverhampton ၏ UK အဆင့်မီကျောင်းအဖြစ် အသိအမှတ်ပြုခံရသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပုဂ္ဂလိက တက္ကသိုလ် ဖြစ်ပါသည်။

Hot Line No-09305000100

# ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း နိုင်ပွဲများရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၄**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ချင်းယူနိုက်တက်အသင်းနှင့် ဇွဲကပင် အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(သုဝဏ္ဏကွင်း)**

| | | |
|---|---|---|
| ချင်းယူနိုက်တက် | - | နှစ်ဂိုး |
| မကွေး | - | တစ်ဂိုး |

အသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံ ရန်ကုန်၊ ဧရာဝတီအသင်း တို့ကို အနိုင်ကစားထားသည့် မကွေးအသင်းမှာ ချင်းအသင်းကို မထင်မှတ် ဘဲ အရှုံးပေးခဲ့ရပြီး ထိပ်ဆုံးနေရာမှ အဆင့် ၅ နေရာအထိ ဆင်းပေးခဲ့ရပြီဖြစ် သည်။ ချင်းယူနိုက်တက်အသင်းမှာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မကွေးအသင်းကို ထိုက်တန်စွာ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းမှာ အသင်းကြီးများဖြစ်သည့် ရန်ကုန်နှင့် ဧရာဝတီ အသင်းတို့ကို အနိုင်ရရှိခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်လာခဲ့ပြီး ချင်း ယူနိုက်တက်အသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက် ခဲ့သည်။ မကွေးအသင်းမှာ ပွဲစကတည်းက ကစားကွက်တည်မရဖြစ်နေပြီး ချင်းယူနိုက်တက်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ပွဲအစ ရှစ်မိနစ်တွင် ချစ်စုမိုး၏ဂိုးဖြင့် ချင်းယူနိုက်တက် ဂိုးစရခဲ့ပြီး ၁၉ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် တိုက်စစ်မှူး မောရစ်က **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**




# လက်ရှိချန်ပီယံ ဂျိုကိုဗစ် သြစတြေးလျအိုးပင်း ကွာတားဖိုင်နယ်တက်

သြစတြေးလျအိုးပင်း လက်ရှိအမျိုးသားတစ်ဦးချင်း ချန်ပီယံ ဂျိုကိုဗစ်သည် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် အမျိုးသားတစ်ဦးချင်း (၁၆)ဦးပြိုင်ပွဲ တွင် ပြိုင်ဘက်တင်းနစ်ကစားသမား ဆိုင်မွန်အား အနိုင် ရရှိခဲ့ပြီးနောက် သြစတြေးလျအိုးပင်းပြိုင်ပွဲ၏ ကွာတား ဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ကမ္ဘာ့အဆင့်(၁၄) နေရာတွင် ရပ်တည်လျက်ရှိသည့် ပြင်သစ်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဆိုင်မွန်အား ၄ နာရီနှင့် ၃၂ မိနစ်ကြာ ကစားကာ ၆-၃၊ ၆-၇၊ ၆-၄၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သြစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်း ချန်ပီယံ ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် ဂျိုကိုဗစ်သည် လက်ရှိတွင် ပြင်သစ်တင်းနစ်ကစားသမား ဆိုင်မွန်အား အနိုင်ရရှိခဲ့ခြင်းကြောင့် ဂရင်းဆလင်းပြိုင်ပွဲ၏ ကွာတား ဖိုင်နယ်အဆင့်သို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

**အလောင်းတော်ကဿပစံကျောင်းအရောက် ပစ္စည်းထမ်းပိုးသူလုပ်သားများ အဆင်ပြေ**
စာမျက်နှာ - ၁၇

**ပိုးသတ်ဆေးဥပဒေ ပြဋ္ဌာန်း**
စာမျက်နှာ - ၁၅

**မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဆောင်းရာသီကာလပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း**
စာမျက်နှာ - ၁၈

# နှစ် ၃၀ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်မည့် ဘားအံမြို့မှ တန်ဖိုးမျှတအိမ်ရာစီမံကိန်း


ဘားအံမြို့တွင် တည်ဆောက်မည့် တန်ဖိုးမျှတအိမ်ရာ စီမံကိန်းမြေနေရာကိုတွေ့ရစဉ်။

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝ မြင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာရေး၊ မိသားစုတိုင်း နေထိုင်မှု အတွက် အိမ်ရာများရှိရေး စသည့် ရည်ရွယ်ချက်များဖြင့် ဘားအံစက်မှုဇုန်အနီး၌ အိမ်ခန်းပေါင်း ၂၅၆၀ ပါဝင်မည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်းကို တည်ဆောက်မည်ဖြစ်ရာ အိမ်ရာစီမံကိန်း အဆောက်အအုံ ပန္နက်တင်ခြင်းကို ယနေ့ နံနက်ပိုင်းက ငြိမ်းချမ်းသာယာ စံပြကျေးရွာ၌ပြုလုပ်သည်။

ရှေးဦးစွာ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပြည်နယ်အဆင့်တာဝန် ရှိသူများက ပန္နက်တိုင်အသီးသီးအား စိုက်ထူပေးကြပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းကြောင့် ကျေးလက်နှင့် မြို့ပြများ ပါမကျန် ပြည်သူများ၏နေထိုင်ရေး အဆင်ပြေမည့်အပြင် လက်ရှိလည်ပတ်နေပြီဖြစ်သော ဘားအံ စက်မှုဇုန်အနီးတွင် ရှိသောကြောင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပြီး များစွာအထောက်အကူပြုနိုင်မည်ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ယူတည်ဆောက်မည့် မြင့်ဌေးကြွယ်လင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစောသန်းမြနှင့် The Infrastructure of Myanmar မှ ဒါရိုက်တာ ဦးခင်မောင်တိုးတို့က အိမ်ရာစီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဘားအံစက်မှုဇုန်အနီးရှိ မြေဧက ၂၀ ပေါ်တွင် တိုက်ခန်းပေါင်း ၂၅၆၀ ကို နှစ်နှစ်တာကာလ အတွင်း အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ပြီး **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❒**




themirror.npt@gmail.com
www.facebook.com/themirrordaily